


mgyoe.com
SAMPLE BOOK
ဓ၅၂
ဂျူး
mgyoe.com

mgyoe.com SAMPLE BOOK



" ကျွန်မလက်ခံထားတာ တစ်ခုကို ပြောမယ် ဆရာ။
လူတွေရဲ့ ခန္ဓာအိမ်အတွင်းမှာရှိနေတဲ့အတ္တဟာ
ရုပ်တရားလည်း မဟုတ်ဘူး။ နာမ်တရားလည်း မဟုတ်ဘူး။
အဲဒီအတ္တလို့ခေါ်တဲ့ ဝိညာဉ်ဟာ ဘယ်တော့မှလည်း မပျက်စီးနိုင်ဘူး။
ဝိညာဉ်ဆိုတဲ့ အတ္တဟာ မအို၊ မသေ၊ မပျက်စီးနိုင်တဲ့
အနှစ်သာရတစ်ခုပဲ။ လူရဲ့ ခန္ဓာအိမ်ကြီး ပျက်စီးသွားပေမယ့်
လိပ်ပြာခေါ် အတ္တဟာ မပျက်စီးနိုင်ဘူး၊ မသေနိုင်ဘူး။
ခန္ဓာအိမ်ဟောင်း ပျက်စီးသွားရင်၊ ခန္ဓာအိမ်သစ်တစ်ခုမှာ
ရှာဖွေ ကူးပြောင်းနေမှာပဲ။ ဒါက ကျွန်မယုံကြည်တာကို ပြောတာ "

မုံ (တင်ညွှန့်) 18,000/-ks
018598 235414

mgyoe.com

mgyoe.com SAMPLE BOOK

**ထုတ်ဝေသူ**
ဦးနေထွန်း (၀၂၀၇၈)၊ မောက္ခ စာအုပ်တိုက်၊ ထမလုံရပ်ကွက်၊
ဓေယျာသီရိလမ်း၊ မြယာရိုး (၆)၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးခွန်ပြည်အေး (မြ - ၀၀၈၉၂)၊
ပြည်အေးမိသားစုပုံနှိပ်တိုက်၊ ဝိုင်အမ်စီအေ၊ ၄၅ လမ်း (အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**အုပ်ရေ**
၁၀၀၀

**မျက်နှာဖုံး**
အိမ္ပွန်

**တန်ဖိုး**
၁၈,၀၀၀ ကျပ်

**ပထမအကြိမ်**
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ

**မောက္ခ စာအုပ်တိုက်**
**၀၉-၄၂၅၀၂၆၆၁၉, ၀၉-၇၉၆၃၆၄၉၉၁**
အမှတ် (၁၆/၁၈)၊ အခန်း A-2၊ လမ်း(၂၀) အရှေ့၊
ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။



mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com
SAMPLE BOOK


mgyoe.com

mgyoe.com SAMPLE BOOK

(၁)

# လောင်းကြေး

အဆောင်ကကျွေးသည့် ထမင်းကို စိတ်ပျက်စွာ ထားခဲ့ပြီး ကျွန်တော် လမ်းလျှောက်ထွက်လာသည်။

ကျွန်တော် နေထိုင်သည့်အဆောင်မှာ ပညာရေးတက္ကသိုလ်ဝင်း အတွင်းရှိ နဝဒေးဆောင်ဖြစ်သည်။ အဆောင်မှ ရေစင်ကြီးရှိရာဘက်ကို လမ်း အနည်းငယ်လျှောက်လိုက်လျှင် ဝန်ထမ်းတွေနေသည့် တန်းလျားတစ်ခုရှိသည်။ ထိုတန်းလျားတွင် ညနေခင်းမှ ထွက်သော လက်ဖက်သုပ်ဆိုင်ရှိသည်။ ကျွန်တော်က လက်ဖက်သုပ်နှင့် ထမင်းစားရန် ထွက်လာခြင်းဖြစ်သည်။ အဆောင် ထမင်းဟင်း စားမရလျှင် ကျွန်တော်လာစားနေကျ ဆိုင်လေးဖြစ်သည်။

ကျွန်တော် ဝန်ထမ်းအိမ်ခြံဝင်းထဲသို့ ဝင်လိုက်ချိန်တွင် ရေတမာ ပင်အောက်ရှိ ထိုင်ခုံနိမ့်လေးတွင် ထိုင်နေသော မမြမှိုကို တွေ့လိုက်ရသည်။

"ဟာ ... ဆရာ တစ်ယောက်တည်းလား ... လာလေ" ဟု သူက ခေါ် လိုက်သည်။ ကျွန်တော်က လက်ပြလိုက်သည်။ နေပါဆိုသည့်သဘော။


mgyoe.com

mgyoe.com SAMPLE BOOK

"လာပါဆရာရဲ့"

သူက နောက်တစ်ခါ ထပ်ခေါ်သောအခါတွင် ကျွန်တော့်မှာ ငြင်းဆန်နိုင်သည့် အားမရှိတော့။ သူထိုင်နေသည့် ထိုင်ခုံရှိရာကို အလိုလို ရောက်သွားသည်။

"မမြမှို တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ဆရာ"

မမြမှိုက ထမင်းနှင့် လက်ဖက်သုပ် စားနေသည်။

"အဆောင်မှာ ထမင်းမစားဘူးလား"

"အဆောင်မှာ ကြက်သားဟင်းတဲ့။ မစားချင်တာနဲ့ ဒီကို လမ်းလျှောက်ရင်း ထွက်လာတာ"

"ကျွန်တော်လည်း အတူတူပဲ"

"မှာလေဆရာ"

ကျွန်တော်က လက်ဖက်သုပ်တစ်ပွဲနှင့် ထမင်းဖြူတစ်ပွဲ မှာလိုက် သည်။

မမြမှိုနှင့် ကျွန်တော်က ဘီအီးဒီသင်တန်းအတူတူ လာတက်နေကြသူများဖြစ်သည်။ သူနှင့် ကျွန်တော် စာသင်ခန်းထဲတွင် မကြာခဏ ဆုံဖူးသည်။ သင်တန်းတွင် နောက်ဆုံးခုံကို လုထိုင်နေကျ အတူတူဖြစ်သောကြောင့် သိနေကြသည်။ ကျွန်တော်တို့သည် နောက်ဆုံးခုံတွင် နေရာယူပြီး သူလည်း သူဖတ်ချင်ရာစာအုပ်ကို ဖတ်နေသည်။ ကျွန်တော်ကလည်း တွေးချင်ရာတွေး၊ ရေးချင်ရာရေးနေတတ်သည်။ ပြီးတော့ သူနှင့် ကျွန်တော် စာကြည့်တိုက်တွင် ဆုံဖူးသည်။

သူက စာကြည့်တိုက်ကိုလာပြီး တက္ကသိုလ်ဘုန်းနိုင်၏ "မိုးည အိပ်မက်မြူ" ဝတ္ထုစာအုပ်ကို လာငှားခြင်းဖြစ်သည်။ စာကြည့်တိုက်တွင် ထိုစာအုပ် မရှိ။ သူက ကောင်တာမှ အထွက်တွင် စာအုပ်အပ်နေသော ကျွန်တော်က

"မမြမှို ခဏ" ဟု ခေါ်လိုက်သည်။

သူက ရပ်စောင့်နေသည်။

"ကျွန်တော့်ဆီမှာ အဲဒီစာအုပ်ရှိတယ်"

"ဟုတ်လားဆရာ ကျွန်မကို ငှားပါလား"

တိုက်တိုက်ဆိုင်ဆိုင်ပင် လွန်ခဲ့သော တစ်ပတ်လောက်က မြို့ထဲ ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်မှ ထိုစာအုပ်ကို ကျွန်တော်ရခဲ့သည်။



mgyoe.com

mgyoe.com
SAMPLE BOOK

"ငှားမယ်လေ ... မနက်ဖြန် သင်တန်းလာတော့ ယူခဲ့မယ်"

"မနက်ဖြန် သင်တန်းပိတ်တယ်လေ ... စာအုပ်က အဆောင်မှာလား ကျွန်မလိုက်ယူမယ်။ ပိတ်ရက်မှာ ဖတ်ချင်လို့။ ဆရာ အဆောင်တန်းပြန်မှာလား"

"ဟုတ်တယ်"

ကျွန်တော်နှင့်အတူ မမြမှီ လိုက်လာသည်။

"အဲဒီစာအုပ်က ရုပ်ရှင်လည်း ရိုက်ထားတယ်။ မကြည့်ဖူးဘူးလား"

"ကျွန်မ မကြည့်ဖူးဘူး။ စာအုပ်ကိုလည်း သူငယ်ချင်းတစ် ယောက်က ညွှန်းလို့ ဖတ်ကြည့်ချင်နေတာ။ အဲဒီဝတ္ထုက စိတ်ပညာ အကြောင်းကို အခြေပြု ထားတဲ့ ဝတ္ထုဆိုတာ ဟုတ်သလားဆရာ"

"စိတ်ပညာအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးထားတာ တွေတော့ ပါတယ်။ ဒါပေမဲ့ စိတ်ပညာနဲ့ ပတ်သက်ပြီးတော့ အလေးအနက် ရေးထားတာ မျိုးလည်း မဟုတ်ဘူးဗျ။ ဝတ္ထုအနေနဲ့ စိတ်ပညာကို ဇာတ်လမ်းဆင်ပြီး လက်စွမ်း ပြထားတဲ့ လျှို့ဝှက်သည်းဖို အချစ်ဝတ္ထု တစ်ပုဒ်လို့ ပြောနိုင်မယ်ထင်ပါတယ်"

"ဆရာပြောမှ ပိုဖတ်ချင်လာပြီ။ ကောင်းလားဆရာ"

"ကောင်းတယ် မကောင်းဘူးဆိုတာ၊ ဖတ်တဲ့သူရဲ့ ခံစားမှုနဲ့ ဆိုင်တယ် လေ။ ကျွန်တော်ပြောလို့ ဘယ်ရမလဲ"

"ဆရာ့ ခံစားချက်ကို သိချင်တာ"

"ကျွန်တော် ပြောလိုက်ရင် အရသာပျက်သွားမှာပေါ့ ကိုယ်တိုင် ဖတ်ပြီး ခံစားကြည့်ပါ"

ထိုနေ့က ကျွန်တော် မမြမှီကို စာအုပ်ငှားလိုက်သည်။

နှစ်ရက်သင်တန်းပိတ်ပြီး ပြန်ဖွင့်သည့်နေ့တွင် မမြမှီက ကျွန် တော့်ကို စာအုပ်ပြန်ပေးသည်။ ထိုနေ့ကစပြီး သူနှင့်ကျွန်တော် စကားတွေ အများကြီး ပြောဖြစ်သွားသည်။ သို့သော် သူက ထိုဝတ္ထုအကြောင်း ဆွေးနွေးခြင်း မရှိ။

မမြမှီက စားပြီးသွားပြီ။ ကျွန်တော်က ခုမှရောက်သဖြင့် စစားသည်။ ကျွန်တော်တို့သင်တန်းအကြောင်း၊သင်တန်းပြီးလျှင် နယ်ထွက် ရမည့်အကြောင်း၊ အမ်အီးဒီဆက်တက်ရန် မမြမှီက ရည်မှန်းထားကြောင်းတွေ ပြောကြသည်။ ကျွန်တော်ကတော့ကျောင်းဆက်တက်ရန် စိတ်မရှိ၊ရာထူးတိုးကလည်းဝေးလံသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ဒေသတွေဆိုလျှင် သွားနိုင်မည် မထင်ကြောင်း သူ့ကိုပြောပြသည်။

"ကျောင်းဆက်တက်ပါ ဆရာရယ်"

"ကျောင်းဆက်တက်ဖို့ဆိုတာ ဂုဏ်ထူးတွေထွက်မှရမှာပေါ့ မမြမှို။ ကျွန်တော်က စာမှာ အဲဒီလောက် မစွံပါဘူး"

"ကျွန်မကတော့ ရန်ကုန်မှာနေရတာ ပျော်တယ်။ ဒီမှာပဲ နေချင်လို့"

ကျွန်တော်တို့ ရောက်တတ်ရာရာ လျှောက်ပြောကြသည်။ ရုပ်ရှင်အကြောင်း၊ စာအုပ်အကြောင်းတွေ ပြောကြသည်။

"ဆရာ အဆောင်ပိတ်တော့မယ် ... ကျွန်မပြန်မယ်"

"ကျွန်တော်လည်း ပြန်မယ်"

"ကျွန်မရှင်းလိုက်မယ်ဆရာ"

"ဘယ်မဟုတ်တာပဲ ကျွန်တော် ရှင်းလိုက်ပါ့မယ်"

"ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမလဲ"

"ကျွန်မ ပဟေဠိနှစ်ခုဝှက်မယ်။ ဆရာဖြေနိုင်ရင် ကျွန်မ ရှင်းမယ်။ ဆရာမဖြေနိုင်ရင် ဆရာရှင်းရမယ်။ ဘယ်လိုလဲ"

ကျွန်တော့်ဘဝတွင် မိန်းကလေးတစ်ယောက်နှင့် ပဟေဠိဝှက် ရမည်ဟု မည်သည့်အခါကမျှ မျှော်လင့်မထားသူဖြစ်သောကြောင့်

"ကဲ ပြောဗျာ"

မမြမှိုက စကားထာကို ပြောသည်။

"ဆရာ သေသေချာချာ နားထောင်နော်"

"ပြောပါ"

"ကိုယ့်စိတ်ကူးကို တခြားသူတစ်ယောက်ရဲ့ ခေါင်းထဲမှာ သွားထည့်ပေးနိုင်တာ ဘယ်သူလဲ"

ကျွန်တော်ကြောင်သွားသည်။ သူ့မေးခွန်းကို မဖြေနိုင်ပါ။ ထို့ကြောင့်

"နောက်တစ်ခုမေးလေ"

"သူတစ်ပါးအိတ်ကပ်ထဲက ပိုက်ဆံကို ကိုယ့်အိတ်ထဲရောက် အောင်လုပ်နိုင်တာ ဘယ်သူလဲ"



mgyoe.com

mgyoe.com SAMPLE BOOK



"ဒုတိယမေးခွန်းကို ကျွန်တော် ဖြေနိုင်မယ်ထင်တာပဲ"

"ဖြေကြည့်လေ"

"စျေးသည်တွေပေါ့"

"အင်း အပြည့်အဝတော့ မှန်တယ်လို့ မဆိုနိုင်ဘူး ... ကဲ ဆရာ ရှင်းပေတော့ ကျွန်မ သွားတော့မယ်" ဟု မမြမှီက ပြောကာ ပြုံးစစနှင့် ထွက်သွားတော့သည်။

မမြမှီသည် ကျွန်တော့်ကို ဒုက္ခပေးသွားသည်။ ကျွန်တော် လမ်းလျှောက်ရင်း စဉ်းစားသည်။ မအိပ်ခင်အထိလည်း စဉ်းစားသည်။ အဖြေမရသဖြင့် နောက်တစ်နေ့ သင်တန်းတက်ရန် စောစောလေး လာခဲ့သည်။

ကျွန်တော် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေစဉ် မမြမှီသည် သူ့ သူငယ်ချင်း တစ်ယောက်နှင့်အတူ ဆိုင်ထဲကိုဝင်လာသည်။

သူက ပြုံးပြီး

"ဘယ်လိုလဲဆရာ အဖြေရလား"

"မရဘူးဗျ"

"ဒါဆိုရင် ကျွန်မဖြေမယ်လေ"

"အေးဗျာ ဖြေပါဦး"

"ဆရာရယ် ကိုယ့်စိတ်ကူးတွေကို သူများခေါင်းထဲ သွားထည့်ပေး နိုင်တာ ကျွန်မတို့ ဆရာတွေပဲပေါ့။ ကျွန်မတို့ စိတ်ကူးလေးတွေနဲ့ သူတို့ကို အကောင်းဆုံး ပျိုးထောင်ပေးနေကြတာမဟုတ်လား"

"အိတ်ထဲက ပိုက်ဆံကိစ္စကရောဗျာ"

"ကိုယ့်အိတ်ထဲကို သူများအိတ်ထဲက ပိုက်ဆံတွေရောက်အောင် လုပ် နိုင်တာ စီးပွားရေးသမားတွေပေါ့ဆရာ။ ဆရာပြောတဲ့ စျေးသည် ဆိုတာထက် စီးပွားရေးအကွက်မြင်သူဆိုရင် ပိုမှန်မယ်ထင်တယ်နော်"

"အေးဗျာ ကျွန်တော်ကတော့ တစ်ညလုံး စဉ်းစားလိုက်ရတာ"

"ဟုတ်ပြီလေ ... နောက်မေးခွန်း ပဟေဠိနှစ်ခု နားထောင် ကြည့်ဦး မလား"

"တော်ပါပြီဗျာ"

"မနေ့က မေးခွန်းနှစ်ခုနဲ့ ဆက်စပ်နေတယ်ဆရာ"

mgyoe.com

mgyoe.com 

"ကိုင်း ပြောကြည့်ဗျာ"

"ဒီအတိုင်းတော့ မရဘူးဆရာ"

"ကြေးပါတယ်ပေါ့"

"ဟုတ်တယ် ... မဖြေနိုင်ရင် ဒီဝိုင်းကို ဆရာရှင်း။ ဖြေနိုင်ရင်တော့ ကျွန်မက ဒီဝိုင်းကိုလည်း ရှင်းမယ်။ နေ့လယ်ကျရင်လည်း ထမင်းကျွေးမယ်"

"ကိုင်း ပြောဗျာ"

"သူများခေါင်းထဲကိုလည်း စိတ်ကူးထည့်နိုင်သလို၊ သူများ အိတ်ထဲက ပိုက်ဆံကိုလည်း ကိုယ့်ဆီရောက်အောင် လုပ်နိုင်တဲ့ နှစ်မျိုးစလုံး စွမ်းဆောင်နိုင်သူ။ ကဲ နောက်မေးခွန်းကို တစ်ဆက်တည်း မေးမယ်။ အဲဒီလို နှစ်မျိုးစလုံးကို မစွမ်းဆောင်နိုင်တဲ့သူ ဘယ်သူများလဲရှင်"

ကျွန်တော် ရှုံးပြီ။ ကျွန်တော် နှစ်မျိုးစလုံးကို မသိ။

"အရှုံးပေးပါပြီဗျာ။ အဖြေကို သိပါရစေ"

"သူများခေါင်းထဲကို စိတ်ကူးလည်းထည့်ပေးနိုင်ပြီး သူများ ရှာလာတဲ့ ပိုက်ဆံကို ကိုယ့်အိတ်ထဲရောက်အောင် လုပ်နိုင်စွမ်းရှိသူ တွေဟာ ဘယ်သူများ ဖြစ်ရဦးမှာလဲရှင် ... ဇနီးမယားတွေပဲပေါ့"

"ဒါဆို အဲဒီလို နှစ်မျိုးစလုံးကို မစွမ်းဆောင်နိုင်တဲ့သူကရောဗျာ"

"ခင်ပွန်းသည်တွေလေ"

ကျွန်တော် လက်ဖက်ရည်ဖိုး ရှင်းလိုက်ရပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

# (၂)

# ဂယက်

ထိုနေ့ညနေက ကျွန်တော် လှည်းတန်းကိုသွားရန်အတွက် အဆောင်မှ ထွက်ခဲ့သည်။ ဘာရယ်မဟုတ် လှည်းတန်းတွင် ဖတ်စရာ စာအုပ်ဟောင်းလေးများ လမ်းဘေးတွင် သွားရှာလိုသောကြောင့် ဖြစ်သည်။

ကျွန်တော်က ဘတ်စ်ကားပေါ်ကို အပြေးလေးတက်လိုက်သည်။ ကျွန်တော်တက်သည့်မှတ်တိုင်မှာ အသံလွှင့်ရုံရှေ့ကဖြစ်သည်။ ဘတ်စ်ကားက လိုင်းပေါက်မှတ်တိုင်ရှေ့ကိုအရောက်တွင် ကားပေါ်ကိုတက်လာသော သူ့ကို တွေ့လိုက်ရသဖြင့်

"မမြမှီ ဘယ်လဲ" ဟု နှုတ်ဆက်လိုက်မိသည်။

မမြမှီက ကျွန်တော့်ကိုတွေ့လိုက်သည်တွင် မျက်နှာလေးက ပြုံးသွားသည်။ သူက ကားခပိုက်ဆံကို ထုတ်ပေးလိုက်ပြီး ကျွန်တော့် အနီးကို တိုးလာသည်။ သူရော ကျွန်တော်ပါ မတ်တတ်တွေဖြစ်သည်။

"ဆရာရော ဘယ်လဲ"

mgyoe.com

mgyoe.com SAMPLE BOOK

“ကျွန်တော် လှည်းတန်းကို”

“ကျွန်မ အင်းလျားကို”

“အဆောင်လား ... ကန်လား”

“ကန်”

ထိုစဉ် ကားက မီးပွိုင့်ကိုဖြတ်စဉ် မီးနီသွားသဖြင့် ဘရိတ်အုပ် လိုက်သည်။ မမြမှိုနှင့် ကျွန်တော် ပခုံးချင်း တိုက်မိသွားသည်။ သူက

“လှည်းတန်းမှာ အရေးကြီးသလား”

“ဘာရယ်မဟုတ်ပါဘူး ... စာအုပ်လေးဘာလေး သွားရှာမလို့ပါ”

“ဒါဆို ကျွန်မနဲ့ လိုက်ခဲ့ပါလား”

“ရပါတယ် ... လိုက်ခဲ့မယ်လေ”

ကျွန်တော်တို့ စီးပွားရေးတက္ကသိုလ်ရှေ့မှတ်တိုင်တွင် ဆင်းလိုက်ကြသည်။ တစ်မှတ်တိုင်လိုသေးသော်လည်း မမြမှိုက

“ဆင်းကြရအောင်” ဟုပြောသဖြင့် ဆင်းလိုက်ကြခြင်းသာ ဖြစ်သည်။ ကျွန်တော်တို့ လမ်းဆက်လျှောက်ခဲ့ကြသည်။

“မမြမှို”

“ရှင် ဆရာ”

“ကိစ္စအထွေအထူး ရှိလို့လား”

“မရှိပါဘူး ... ကျွန်မ စာတွေဖတ်ရတာ ငြီးငွေ့လာလို့ ထွက်လာတာ။ အဲဒါ ဆရာနဲ့တွေ့တော့ စကားပြောဖော်ရမလားဆိုပြီး ခေါ်လိုက်တာ”

“ဘူးသီးကြော် စားကြမလား”

“မစားချင်ဘူး ... ကန်စပ်မှာထိုင်ချင်လို့”

မမြမှိုက ပြောပြောဆိုဆိုနှင့် ကန်စပ်တစ်နေရာရှိ သစ်ပင်ကြီး တစ်ပင်၏ အမြစ်ပေါ်တွင် ထိုင်လိုက်သည်။

သူနှင့် ကျွန်တော်က ဘာတွေမှမဟုတ်။ လက်ဖက်ရည်ဆိုင် အတူထိုင်ကြသည်။ စာကြည့်တိုက် အတူထိုင်ဖူးသည်။ ယခုလို ကန်ဘေးတွင် လာထိုင်သည်ကတော့ ပထမဆုံးဖြစ်သည်။ ထိုင်သည်ဆိုသော်လည်း သူကသာ ထိုင်နေခြင်းဖြစ်ပြီး ကျွန်တော်က မတ်တတ်ရပ်နေသည်။ ဤသို့သော ကန်ဘေးတွင်

mgyoe.com

mgyoe.com SAMPLE BOOK


အတူတူယှဉ်ထိုင်ရန်ဆိုသည်မှာမသင့်သောကြောင့်မတ်တတ်ရပ်နေခြင်းဖြစ်သည်။ သူကလည်း ထိုင်ပါဟု မပြော။

မမြမှိုက ဘေးမှ ကျောက်စရစ်ခဲလေးတစ်ခုကို ကောက်လိုက်ပြီး ရေထဲကို ပစ်ချလိုက်သည်။

တည်ငြိမ်နေသော ရေပြင်က ဂယက်ထသွားသည်။ သူက ရေပြင်ကို ကြည့်နေသည်။ ငြိမ်သွားသောအခါတွင် နောက်ထပ်တစ်လုံးကို ထပ်ပြီး ပစ်ချလိုက်ပြန်သည်။ ရေက ပြန်ပြီး ဂယက်ထသွားပြန်သည်။ ကျွန်တော်က သူလုပ်နေသည်ကို နားမလည်စွာဖြင့် ကြည့်နေသည်။

"ဆရာ"

"ဟုတ်ကဲ့"

"ရေထဲမှာ ဂယက်လေးတွေ ထသွားတာ သိပ်ပြီးကြည့်ကောင်း တာပဲ"

ကျွန်တော် ဘာမျှ မှတ်ချက်မပေးမိပါ။

"ဆရာ ... ကျွန်မကို အဲဒီ ရေထဲကျသွာတဲ့ ခဲလေးကို ပြန်ဆယ်ပေးပါလားဟင်"

ကျွန်တော်က လက်ရှည်အင်္ကျီဝတ်လာသဖြင့် အင်္ကျီလက်ကို ခေါက်လိုက်ပြီး ကန်စပ်ကို သွားလိုက်သည်။

"ခဏနေဦးဆရာ"

ကျွန်တော်က သူ့ကို

"ဘာဖြစ်လို့လဲ မမြမှို" ဟု လှည့်မေးလိုက်သည်။

"ခဏလေးပါ ... ကန်ရေပြင် ငြိမ်သွားတာလေးကို ကြည့်ချင်လို့ပါ"

ကန်ရေပြင်က ငြိမ်သွားသည်။

"ဆရာ ကောက်ပေးလေ"

ကျွန်တော်က စောစောက သူပစ်ချထားသည့် ခဲလုံးလေးတစ်လုံးကို ကောက်ပေးလိုက်သည်။

မမြမှိုက ရေစိုနေသော ကျောက်ခဲလေးကို လက်ထဲတွင်ကိုင်ရင်း

"ဆရာ ရေထဲကို လက်ထည့်ပြီး ပြန်ထုတ်လိုက်တဲ့ ဂယက်က ပိုပြီးတော့ ဆိုးတယ်နော်။ ဂယက်လည်း မဟုတ်ပါဘူးလေ။ တည်ငြိမ်နေတဲ့ရေပြင်က လုံးဝ

mgyoe.com

mgyoe.com



ကို ပျက်စီးသွားတာ။ ကျွန်မ ကန်ထဲကို ခဲလုံးလေးတွေ ပစ်ချတုန်းက ထသွားတဲ့ ဂယက်ကမှ ကြည့်လို့ကောင်းသေးတယ်"

"ဒါကတော့ မမြမှီရယ် ... မတူဘူးလေ။ မမြမှီက ရေထဲကို ပစ်ထည့်လိုက်တဲ့ အရှိန်နဲ့ ... ကျွန်တော်က ရေထဲကို လက်ထည့်လိုက်တဲ့ အရှိန်နဲ့ အလေးချိန်က မတူဘူးလေ"

"ဘာပဲဖြစ်ဖြစ် တည်ငြိမ်နေတဲ့ ရေပြင်ထဲကို ခဲလေးတစ်လုံး ကျချိန်မှာ ဂယက်ဟာ လှတယ်နော်"

"ဂယက်ထတာကို လှတယ်၊ မလှဘူးဆိုတာ ခံယူသူအပေါ်မှာလည်း တည်မယ်ထင်တယ်"

"အဲဒီ ကျသွားတဲ့ ခဲလေးကို ဆွဲထုတ်ယူလိုက်ရင်တော့ ကန် ရေပြင်ဟာ ပျက်စီးတော့တာပဲ"

"ရေပြင်ရဲ့တည်ငြိမ်မှုကို မပျက်စေချင်ရင် ခဲကို ဒီအတိုင်းထားလိုက်ပေါ့။ ပစ်လည်းမချနဲ့၊ ပြန်လည်းမကောက်နဲ့"

မမြမှီက ကန်ထဲကို စူးစိုက်ကြည့်နေသည်။ ကန်ရေပြင်က ပြန်ပြီး တည်ငြိမ်သွားပြန်သည်။ မမြမှီက တည်ငြိမ်သော ကန်ရေပြင်ထဲကို ခဲလုံးလေးအား ပစ်ချလိုက်ပြန်သည်။ ဂယက်က တစ်ဝိုင်းပြီးတစ်ဝိုင်း၊ တစ်ဆင့်ပြီးတစ်ဆင့် လှပစွာနှင့် ကမ်းစပ်ကို လာရိုက်သည်။

"မမြမှီ Ripple Effect ဆိုတာ ကြားဖူးသလား"

"မကြားဖူးဘူးဆရာ"

"ကျောက်ခဲတစ်လုံးကို ရေထဲပစ်ချလိုက်ချိန်မှာ ရေနဲ့ ကျောက်ခဲ ထိတာနဲ့ အသံတစ်သံကို ကြားရမယ်။ ပြီးတော့ အဲဒီကျောက်ခဲနဲ့ ရေမျက်နှာပြင်ကို ထိလိုက်တဲ့အတွက် တန်ပြန်အနေနဲ့ ရေစက်လေးတွေက အပေါ်ကို ခုန်တက်မယ်။ နောက်ပြီး ရေပြင်မှာ ဂယက်ထသွားမယ်။ ခဲကို ပစ်ချလိုက်တဲ့ နေရာကနေ ဂယက်ဟာ အဝိုင်းလေးတွေနဲ့ တစ်ဝိုင်းပြီးတစ်ဝိုင်းဖြစ်လာလိမ့်မယ်။ ရေပြင်ကို ခဲထိချက်က တစ်ချက်တည်းပါ။ ဒါပေမဲ့ လှိုင်းဂယက်တွေက တစ်လှိုင်းပြီး တစ်လှိုင်းတက်သွားတယ်။ အဲဒီလှိုင်းတွေကလည်း ကမ်းစပ်ဆီကို ပြန်ပြီး လာတတ်တယ်။ ဆိုလိုချင်တာက သက်ရောက်မှုဟာ ပစ်သူဆီကို တစ်လှိုင်းပြီး

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်လှိုင်း ပြန်ရောက် လာတတ်တယ်ဆိုတာကို ပြောတာ။ အဲဒါကို Ripple Effect လို့ခေါ်တာ မမြမှီ"

"ကျွန်မ အမှတ်မထင် လုပ်လိုက်တာ အဲဒီလောက်ကြီးကို ကြီးကျယ်သွားသလား ဆရာ"

"ဘာကြောင့်လုပ်တာလဲဆိုတဲ့ အပေါ်မူတည်ပါတယ်။ ဘာဖြစ်လို့ ပစ်တာလဲ။ ခဲလေးကို နစ်သွားစေချင်လိုလား။ ဂယက်လေးတွေ ထလာစေချင်လို့လား။ အပြုသဘောဆောင်တဲ့စိတ်၊ အပျက်သဘောဆောင်တဲ့စိတ် ပစ်လိုက်တဲ့သူ အပေါ်မှာ တည်နေတာပဲ"

"ကျွန်မက ဘာစိတ်နဲ့မှ မဟုတ်ပါဘူး။ စိတ်ထွက်ပေါက်တစ်ခု အနေနဲ့ လုပ်လိုက်တာ"

"မမြမှီ ပြန်ကောက်ပေးရဦးမလား"

"တော်ပါပြီ။ ဒဿနဆရာနဲ့တွေ့မှပဲ ကိုယ်အမှတ်မထင် လုပ်လိုက်တာတွေးစရာတွေဖြစ်သွားတယ်"

"ပြန်ကြရအောင်လေ ... ကျွန်တော်က အကြောင်းမဟုတ်ဘူး။ မမြမှီ အဆောင်က ပိတ်တော့မယ်"

သူက ထိုင်နေရာမှ ထလိုက်သည်။

"သွားကြတာပေါ့"

သူနှင့်ကျွန်တော် ကန်ဘောင်ပေါ်မှဆင်းပြီး မျက်နှာချင်းဆိုင် လမ်းမဘက်ကို ကူးလိုက်ကြသည်။

ကျွန်တော်တို့ ဘတ်စ်ကားကို စောင့်နေကြသည်။

ဘတ်စ်ကားလာသောအခါ ကားပေါ်ကိုတက်လိုက်သည်။ မမြမှီက နှစ်ယောက်စာအတွက် ကားခကို ပေးလိုက်သည်။

လှည်းတန်းကို ရောက်ခါနီးတွင် ကျွန်တော်က

"မမြမှီ ... ကျွန်တော် လှည်းတန်းမှာ ဆင်းခဲ့မယ်။ ကျွန်တော် ဒီနေ့တော့ မမြမှီ လုပ်နေတာတွေ ပြောနေတာတွေ ဘာမှ နားမလည်ဘူး"

"အရာတိုင်းဟာ နားလည်ဖို့မှ မဟုတ်တာဆရာရယ်"

ကျွန်တော် ဘတ်စ်ကားပေါ်က ဆင်းလိုက်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK

သူကလည်း သူနေသည့် အဆောင်ကိုဆက်စီးသွားသည်။

သူက ကျွန်တော့်ကို ပြောလိုက်သည်။

"ဆရာ အဆောင်ပြန်ရင် သတိထား"

ကျွန်တော် လှည်းတန်းတွင် လမ်းဘေးခင်းထားသည့် စာအုပ်တွေကို လိုက်ကြည့်ပြီး စာအုပ်အဟောင်းလေး တစ်အုပ်ကို ဝယ်လိုက် သည်။

ကျွန်တော် ဘတ်စ်ကားစီးပြီး ပြန်လာသည်။ အသံလွှင့်ရုံရှေ့ မှတ်တိုင်တွင် ကျွန်တော်ဆင်းလိုက်ပြီး လမ်းကို ဖြတ်ကူးသည်။ ကားတွေ မရှင်းသေးသဖြင့် ကျွန်တော် လမ်းလယ်တွင် ရပ်နေသည်။ ကျောင်းဝင်းအတွင်းထဲက စက်ဘီးစီးလာသူတစ်ဦး ထွက်လာသည်။ သူက ကျွန်တော့် တည့်တည့်ကို စက်ဘီးနင်းလာပြီး ကားလမ်းကို ဖြတ်သည်။ ကျွန်တော့်ကို ပွတ်တိုက်ကာ လမ်းတစ်ဖက်ကို အကူးတွင် ကားတစ်စီးက သူ့စက်ဘီးကို တိုက်လိုက်သည်။ ကားအရှိန်က နည်းသည်ဆိုသော်လည်း သူက လွင့်သွားပြီး အလယ်အုတ်ခုံနှင့် ခေါင်းကို ဆောင့်သည်။

"ဖောင်း" ဆိုသည် အသံကြားလိုက်ရပြီး သူ့ခေါင်းက သွေးတွေ ထွက်လာသည်။

ကျွန်တော် ထိုအချိန်အထိ ကြောင်ကြည့်နေမိသည်။

လမ်းတစ်ဖက်တွင် ရပ်နေသော လူတွေက ပြေးလာပြီး သူ့ကို ဆွဲထူကြသည်။

ကျွန်တော်က လူတစ်ယောက်ကို မေးလိုက်မိသည်။

"ဘယ်လိုနေလဲ"

"သေသွားပြီ ... ခင်ဗျား ကံကောင်းတယ်။ ကားက သူ့စက်ဘီး ကိုသာ မတိုက်ရင် ခင်ဗျားကို တိုက်နိုင်တယ်"

ကျွန်တော် သွေးပျက်ကာ တစ်ညလုံး အိပ်မရအောင် ဖြစ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

# ကျွန်တော်နှင့် မမြမှို

ကျွန်တော် အိပ်ရာကစောစောထလေ့ရှိသည်။ ကျွန်တော့် အခန်းဖော်ကိုသိန်းဟန်က အိပ်ကောင်းတုန်း။ သူက ညဉ့်နက်သည်အထိ စာဖတ်နေသည်။ ကျွန်တော် ၁ နာရီထိုးသဖြင့် အိပ်ရာဝင်သည့်တိုင် သူက မီးဖွင့်ထားပြီး ခြင်ထောင်ထဲမှာလှဲ၍ စာဖတ်နေသည်။

မနက် ၅ နာရီထိုးသော် ကျွန်တော်က မျက်နှာသစ်ပြီး အပြင်ကို လမ်းထွက်လျှောက်သည်။ အမျိုးသမီးဆောင်မှ ဆရာမများ ပီတီဝတ်စုံ တီရှပ် အဖြူဘောင်းဘီအဖြူတွေနှင့် အဆောင်ထဲက ထွက်လာကြသည်။ သူတို့ တီတီစီကစားကွင်းထဲတွင် ကာယလေ့ကျင့်ခန်းများ သွားလုပ်ကြပေလိမ့်မည်။

ကျွန်တော်ကတော့ ပီတီလေ့ကျင့်ခန်းကို ဘယ်သောအခါမျှ မဆင်းသူဖြစ်သည်။ ကျွန်တော် ဦးတည်ရာမှာ လက်ဖက်ရည်ဆိုင်ကို ဖြစ်သည်။ တင်းနစ်ကွင်းအနီး ဝန်ထမ်းအိမ်ရာတွင် လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ဖွင့်ထားသည်။ ထိုဆိုင်နှင့် မျက်နှာ ချင်းဆိုင်၌ စိန်ပန်းပင်ကြီးတစ်ပင်ရှိသည်။ ထိုအပင်အောက်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

ခုံနိမ့်လေးများခင်းထားသည်။

ကျွန်တော်က ထိုခုံတွင် ဝင်ထိုင်လိုက်ပြီး လက်ဖက်ရည်တစ်ခွက်မှာလိုက်သည်။ ထို့နောက် ယူလာသော စာအုပ်ကိုဖွင့်ကာ ဖတ်နေမိသည်။

"ဒီမှာ ဆရာကြီး ... ထိုင်မယ်နော်" ဟု ပြောသံကြားလိုက်ရသဖြင့် မော့ကြည့်လိုက်ရာ မမြမှိုဖြစ်နေသည်။

"အာ ... မမြမှို ... ထိုင်လေ"

မမြမှိုကား စပို့ရှပ်အဖြူရောင်၊ ဘောင်းဘီရှည် အဖြူရောင်နှင့် ဖြစ်နေသည်။

"ဩော် ... ပီတီဆင်းပြီးလို့ လာတာလား"

"မဟုတ်ဘူး ... ဆရာ ဒီဘက်ကိုသွားတယ်လို့ သူငယ်ချင်းက ပြောတာနဲ့ လိုက်ခဲ့တာ"

"ပီတီမဆင်းဘူးပေ့ါ"

"ဗိုက်ဆာလို့ ... နောက်ပြီး အဲဒီအလုပ်ကြီးလည်း မလုပ်ချင်ဘူး"

"ကျွန်တော်လည်း ပီတီလစ်တာများနေပြီ။ လက်ဖက်ရည်မှာလေ"

"လက်ဖက်ရည် မသောက်တော့ဘူး။ မုန့်ဟင်းခါးစားမလို့။ ဆရာလည်း စားလေ"

"မစားတော့ဘူး ... ကျွန်တော်က အဆောင်ပြန်ပြီးထမင်းစားမှာ"

"ပဲဟင်းပဲ မက်စရာကောင်းလွန်းလို့"

"မက်တယ်လို့တော့ မဟုတ်ဘူးပေ့ါ။ ဗိုက်ပြည့်အောင်တော့ စားရတာပဲ"

"နေပါဦး ဘာစာအုပ်ကို သဲကြီးမဲကြီး ဖတ်နေတာလဲ"

ကျွန်တော်က ဖတ်လက်စနေရာကို စာရွက်လေးခေါက်ပြီး စာအုပ်ကို စားပွဲပေါ်ချလိုက်သည်။ မမြမှိုက ကောက်ကြည့်ပြီး

"ဩော် ဆရာလည်း ဒီလိုစာတွေ ဖတ်တယ်ပေ့ါ"

"ဘာဖြစ်လို့လဲ မမြမှို"

"ကျွန်မက အဲဒီ ရုပ်ဝါဒတွေ ဘာတွေဆိုရင် သိပ်မုန်းတာ"

"ဘာဖြစ်လို့လဲ မမြမှို"

ကျွန်တော် ဖတ်နေသည့် စာအုပ်မှာ ဆရာမြသန်းတင့်ရေးသည့် "သမိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရာ ရုပ်ဝါဒ" စာအုပ်ဖြစ်သည်။ မနေ့ကမှ လှည်းတန်းလမ်းဘေး စာအုပ်တန်းက ရခဲ့ခြင်းဖြစ်သည်။

"ကျွန်မအဖေက ကွန်မြူနစ်လေ။ သူ့ဘဝတစ်လျှောက်လုံး ပဲခူးရိုးမ တောကြီးထဲမှာ သားပစ်၊ မယားပစ်နဲ့ သူ့ခံယူချက်၊ ယုံကြည်ချက်အတိုင်းနေပြီး သေသွားရတာ"

"ဩော် ... အဲဒါ မုန်းစရာလားဗျာ"

"အဖေ့ကို မမုန်းပါဘူး။ ဒါပေမဲ့ အဖေဖတ်တဲ့ စာအုပ်တွေကို မုန်းတာ။ ကျွန်မ ငယ်ငယ်လေးကတည်းက အဖေတောခိုသွားတယ်။ အဲဒါ အဖေ့ကို နောက်ဆုံးတွေ့လိုက်ရတာပဲ။ နောက်တော့ အဖေ သေသွားပြီလို့ကြားတယ်။ အဖေ သေတော့ အမေက အဖေ့စာအုပ်တွေ အကုန်လုံး သူများကို ပေးပစ်လိုက်တယ်"

"အဲဒါနဲ့ ကျွန်တော်ဖတ်နေတဲ့ ရုပ်ဝါဒနဲ့ ဘယ်လိုများ ပတ်သက်နေလဲ မမြမှို"

"ကွန်မြူနစ်စာပေတွေကို ဖတ်နေတဲ့သူတွေဟာ ကွန်မြူနစ်စိတ်ဓာတ် တွေ ရှိနေမှာပဲလေ"

"ကွန်မြူနစ်စိတ်ဓာတ်ဆိုတာ ဘာလဲ မမြမှို"

"ဆရာ ... သိလို့ မေးတာလား ... မသိလို့မေးတာလား။ ဆရာ့ ပုံက မသိလို့မေးတာမျိုး မဟုတ်ဘူး။ ကျွန်မကို ခနဲ့ချင်သလိုလိုနဲ့ မေးနေတဲ့ပုံစံမျိုး"

ထိုစဉ် မမြမှို မှာထားသည့် မုန့်ဟင်းခါးရောက်လာသည်။

"စားပါ မမြမှို ... ကျွန်တော် မေးတာကို အလေးမထားပါနဲ့"

မမြမှိုက မုန့်ဟင်းခါးစားသည်။ ကျွန်တော်က လက်ဖက်ရည် သောက် သည်။ သူက စားပြီးသောအခါတွင် သူ့ရှေ့၌ချထားသည့် ကျွန်တော့် စာအုပ်ကို ပြန်ပေးရင်း

"ဆရာ လက်တွေ့ကျတဲ့ ဘဝထဲမှာပဲ ရှင်သန်စေချင်တယ်"

"မမြမှိုကို ကျွန်တော် မငြင်းချင်ဘူး။ ကျွန်တော် စိတ်ကူးမယဉ်တတ် ပါဘူး"

"ကျွန်မတို့ ခေါင်းစဉ်ပြောင်းရအောင်"

"မမြမှိုကျွန်တော်မေးမယ်...မေးမယ်နဲ့ မမေးဖြစ်တဲ့မေးခွန်းတစ်ခုရှိတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဘာများလဲဆရာ"

"မမြမှို နာမည်ကိုပါ။ အမျိုးသမီးတွေထဲမှာဆိုရင် အတော်လေး မှည့်ခဲတဲ့ နာမည်ပဲလို့ထင်တယ်။ ကျွန်တော့် အမြင်ပြောရရင် မမြမှို အဖေက သိန်းဖေမြင့် ဝတ္ထုတွေကို အတော်လေး စွဲခဲ့ပုံပေါ်တယ်။ ဒါကြောင့် သိန်းဖေမြင့် ဝတ္ထုထဲက ဇာတ်ကောင်ဖြစ်တဲ့ မမြမှိုဆိုတဲ့ နာမည်လေးကို ကြိုက်ပြီးတော့ ပေးခဲ့တာလား"

"မှားတယ်ဆရာ"

"မှားတယ် ဟုတ်လား"

"အဖေက သိန်းဖေမြင့်ကို သိပ်မုန်းတာလို့ အမေကပြောဖူးတယ်။ အမေကလည်း သိန်းဖေမြင့်ကို ဖောက်ပြန်ရေးသမားလို့ သုံးတတ်တယ်။ ကျွန်မ နာမည်ကို အဖေပေးတာ မဟုတ်ဘူး။ အမေကပေးခဲ့တာ"

"မမြမှိုအမေကလည်း စာဖတ်သလား"

"အမေက ကျောင်းဆရာမလေ။ စာသိပ်ဖတ်တယ်။ ကျွန်မလည်း စာဖတ်တဲ့ဝါသနာကို အမေ့ဆီကရခဲ့တာ။ ဒါပေမဲ့ အမေနဲ့ ကျွန်မ ဖတ်တာက အဖေဖတ်တဲ့စာမျိုးတွေမဟုတ်ဘူး။ ဆရာခုဖတ်နေတဲ့ စာမျိုးတွေ မဟုတ်ဘူး။ ကျွန်မတို့ သားအမိနှစ်ယောက်စလုံးက ရသစာပေတွေပဲ ကြိုက်တာ"

"ဒါဆိုရင် မမြမှိုလို့ ဘာဖြစ်လို့ပေးတာလဲ"

"နေပါဦး ဆရာ့ကို မေးစမ်းပါရစေ"

"ဘာများလဲ"

"ကျွန်မ နာမည်ကိုမှ ဆရာက ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ"

ကျွန်တော် သူပြောလိုက်မှ စကားဆက်ရန် ဆွံ့အသွားသည်။ ကျွန်တော် လည်း ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ သူ့နာမည်အကြောင်းကို မေးနေမိမှန်း မသိ။

"ဆရာ ... နေ့ခင်းကျရင် စာကြည့်တိုက်ကို လာဦးမလား"

"လာစရာတော့ မရှိဘူးဗျ။ နေ့ခင်း ၁ နာရီလောက် ရန်ကုန်မြို့ ထဲကို သွားစရာရှိတယ်"

"၂ နာရီမှာ အတန်းတစ်ခုရှိတယ်လေ"

"ကျွန်တော် မတက်တော့ဘူး"

"ပါမောက္ခ ဌာနမှူးကိုယ်တိုင် လက်ချာလာပေးမှာတဲ့ဆရာ"


mgyoe.com

mgyoe.com SAMPLE BOOK

"အရေးကြီးတာတွေဆိုရင် ကျွန်တော့်အခန်းဖော်က မှတ်လာမှာပါ။ နောက်ပြီး မမြမှိုကလည်း အရေးကြီးရင် ပြောပေါ့"

"ဒီလိုနဲ့ ရိုးရိုးတော့ မရဘူးဆရာ"

"ဘယ်လိုမှရမလဲ"

"ခု ကျွန်မစားထားတာ ရှင်းပေါ့။ အလကားနောက်တာပါ။ ပိုက်ဆံထည့်မလာမိဘူး။ ကျောင်းလာတက်တော့ ပြန်ပေးပါ့မယ်"

မမြမှိုက သူ့ရှေ့ရှိ ရေနွေးခွက်ထဲက ရေနွေးကို ကုန်အောင်သောက်လိုက်သည်။ ထို့နောက် ရေနွေးထပ်ထည့်ပြီး

"ဆရာ ကြည်အေးဝတ္ထုတွေ ဖတ်ဖူးလား"

"ဖတ်ဖူးပါတယ် ... အများကြီးတော့ မဟုတ်ဘူးပေါ့"

"ကြည်အေးဝတ္ထုတွေထဲမှာ မမြမှိုဆိုတဲ့ ဝတ္ထုကို ဖတ်ဖူးလား"

"မဖတ်ဖူးဘူးဗျ။ ကျွန်တော်က သိန်းဖေမြင့်ရဲ့ မမြမှိုပဲ သိတာ"

"မေမေစုထားတဲ့ တာရာမဂ္ဂဇင်းတွေ ကျွန်မတို့အိမ်မှာ အများကြီးပဲ။ အမေက ကြည်အေး ခရေဇီလေ။ ကြည်အေး ဝတ္ထုတွေထဲမှာ မမြမှိုဆိုတဲ့ ဝတ္ထုလေးတစ်ပုဒ်ရှိတယ်။ အဲဒီဝတ္ထုထဲက ဇာတ်ကောင် မမြမှိုကို သဘောကျပြီး အမေက ကျွန်မကို အဲဒီနာမည်ပေးလိုက်တာ။ သိန်းဖေမြင့်ရဲ့ မမြမှို မဟုတ်ဘူးဆရာ။ ကြည်အေးရဲ့ မမြမှိုပါ"

"ကျွန်တော် ကြည်အေးရဲ့ မမြမှိုကို မဖတ်ဖူးသေးဘူးဗျာ။ ဖတ်ကြည့်ချင်လိုက်တာ"

"အထွေအထူးကြီးတော့ မဟုတ်ပါဘူးဆရာ ... ဒါပေမဲ့ ကြည်အေးထုံးစံအတိုင်း မမြမှိုကို သူ့လိုပုံစံဖော်ထားပုံရတယ်။ ဆရာ ... ကျွန်မ သွားတော့မယ် ... ဟိုမှာ ပီတီဆင်းတဲ့သူတွေတောင် ပြန်လာပြီ။ အဲဒီ ဝတ္ထုအကြောင်း ဆရာ စိတ်ဝင်စားရင် နောက်မှပြောပြမယ်လေ"

"ကျွန်တော် စိတ်ဝင်စားပါတယ် မမြမှို"

"ကြည်အေးကိုလား ... မမြမှိုကိုလား"

"နှစ်ယောက်စလုံးပေါ့"

mgyoe.com

mgyoe.com
SAMPLE BOOK

# (၄)

# သူ့အကြောင်း ကိုယ့်အကြောင်း

ထိုနေ့က ကျွန်တော် သင်တန်းတက်သည်။ သင်တန်းက ၉ နာရီတွင်စပြီး ၉ နာရီ ၄၅ မိနစ်တွင် ပြီးသွားသည်။ ပညာရေးသဘောတရားသင်တန်းဖြစ်သော်လည်း စာအုပ်ထဲပါသည့်အတိုင်း ဟောပြော ပို့ချနေရာ ပျင်းစရာကောင်းလှသည်။

ကျွန်တော်က နောက်ဆုံးခုံတွင် ထိုင်နေသည်။ ဆရာမ စာသင်ပြီး ထွက်သွားမှ မမြမိုက အတန်းထဲဝင်လာပြီး ကျွန်တော့်ဘေးတွင် ဝင်ထိုင်ကာ

"မောနင်း ဆရာ" ဟု နှုတ်ဆက်လိုက်သည်။

"မမြမို နောက်ကျတယ်"

"ကျွန်မ ဒီမနက် ကျောင်းတက်ရတာ စိတ်မပါလို့။ ဆရာကတော့ ထူးခြားလှချည်လား။ သင်တန်းတွေ ဘာတွေ တက်လို့"

"ဒီလိုပါပဲ ... ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ၈ နာရီလောက်ကတည်းက ရောက်နေတာ။ ၉ နာရီအတန်းကိုလည်း ဆိုင်မှာ ဆက်မထိုင်ချင်တော့တာနဲ့ လာတက်တာ။ စိတ်ထဲကပါလို့တော့ မဟုတ်ပါဘူး"


mgyoe.com

mgyoe.com SAMPLE BOOK

"နောက်အချိန် ဆက်ထိုင်ဦးမှာလား"

"သွားစရာမှ မရှိတာ"

"စာကြည့်တိုက် သွားကြမယ်လေ"

"သွားလေ"

ကျွန်တော်တို့နှစ်ယောက် စာကြည့်တိုက်ကို ထွက်လာကြသည်။ မမြမှီက အမျိုးသား ရှပ်အင်္ကျီအဖြူ လက်ရှည်ကို လက်ခေါက်ဝတ်ထားသည်။ ထဘီကတော့ ကျောင်းစိမ်း။

စာကြည့်တိုက်ထဲတွင် လူရှင်းနေသည်။

"မမြမှီ ဘာအကြောင်း ဖတ်ချင်လို့လဲ"

"ဆရာမနေ့က ကျောင်းမတက်လို့။ သမိုင်းပါမောက္ခက လာမယ့်အပတ် သူ့ကျူတိုရီရယ်မှာ နှစ် ၄၀ စစ်ပွဲအကြောင်း မေးမယ်လို့ ပြောသွားတယ်"

"ဟုတ်လား ... အဲဒီအကြောင်းက သိပ်ခက်တာမှ မဟုတ်တာ မမြမှီ။ အထက်တန်းအဆင့် သမိုင်းထဲမှာ ပါတာပဲ"

"ဆရာလည်း ပါမောက္ခအကြောင်း သိသားနဲ့။ သူက မေးခွန်းကို ကြိုအောက်သွားတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးလေ။ နှစ် ၄၀ စစ်ပွဲ အကြောင်းကတော့ အခြေခံလောက် သိပါတယ်။ ဒါပေမဲ့ ပိုသိချင်သေးတယ်"

"ပါမောက္ခ ဆရာမကြီးက ဘယ်လိုတွေ လက်ချာရိုက်သွားလို့လဲ"

မမြမှီက ကျွန်တော့်ကို အကျဉ်းချုပ်ကာ ပြောပြသည်။ စာကြည့်တိုက်အတွင်းခန်းထဲတွင် လူမရှိ။ ကျွန်တော်တို့ နှစ်ယောက် အဝင်ဝအနီးတွင်ထိုင်ကာ စကားတိုးတိုးပြောနေကြခြင်းဖြစ်သည်။ မမြမှီက သူသိလိုသော စာအုပ်ရှိ၊ မရှိကို စာကြည့်တိုက်ဝန်ထမ်းအား သွားရှာခိုင်းပြီး ကျွန်တော်နှင့်အတူ လာပြန်ထိုင်နေသည်။

"ဆရာ သမိုင်းပါမောက္ခကို ဘယ်လိုမြင်သလဲ"

"တော်ပါတယ်။ သူက နိုင်ငံခြားပြန်ကြီးပဲ။ ကမ္ဘာမှာ မရှိတော့တဲ့ နိုင်ငံက ဒေါက်တာဘွဲ့ယူလာတာဆိုပြီး ဂုဏ်ယူတတ်တဲ့ လက်နှိပ်စက်နဲ့ စကားပြောတဲ့ ဆရာမကြီးပေါ့။ ခုတောင် စကြံ့အပြင်က သူထိုင်နေကျခုံမှာ လက်နှိပ်စက် တစ်လုံးနဲ့ စာထိုင်ရေးနေမလား မသိဘူး"

mgyoe.com

mgyoe.com
SAMPLE BOOK

"ကျွန်မကတော့ သူ့ကို သိပ်ပြီး အားကျတယ်ဆရာ"

"ကျွန်တော်ကတော့ သိပ်ပြီး သဘောမတွေ့လှဘူးဗျ"

"ဘာဖြစ်လို့လဲဆရာ"

"အစကတော့ သူ့ကို လေးစားတယ်။ ကြည်ညိုပြီး သူ့စာအုပ်တွေ တောင် ဝယ်ဖတ်မိသေးတယ်။ နောက်တော့ သူ့စာအုပ်တွေအားလုံးကို သူများ ပေးပစ်လိုက်တယ်"

"ဘာဖြစ်လို့လဲဆရာ"

"သတင်းစာမျက်နှာဖုံးမှာ စစ်တပ်ထိပ်တန်း အရာရှိကြီး တစ်ယောက်ကို သူကလက်အုပ်ချီထားတာတွေ့လိုက်ရကတည်းကကျွန်တော်စိတ်ပျက်သွားတာ"

"ဒါကလည်း ခေတ်အနေအထားအရလေ ဆရာ"

"ဒီတစ်ခုတည်း မဟုတ်ဘူးဗျ။ သူ့ရဲ့ သတင်းစာထဲမှာပါတဲ့ ယိုးဒယား နိုင်ငံအကြောင်း သမိုင်းနဲ့ချီ ပြီး ဘက်လိုက်ရေးနေတာတွေဟာ ပညာရှင် တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုလို့ ကျွန်တော် မထင်ဘူး"

"သူ့မှာလည်း သူ့ကိုယ်ပိုင် ထင်မြင်ခွင့် ရှိတယ်မဟုတ်လားဆရာ"

"မှန်တာပေါ့ ... ဒါပေမဲ့ ဘက်လိုက်တဲ့ သမိုင်းအမြင်ကို သတင်းစာ တွေထဲမှာရေးနေတုန်း၊အစိုးရက ထိုင်းနိုင်ငံနဲ့ ငြိမ်းချမ်းရေးတွေ၊ပြေလည်ရေးတွေ လုပ်လိုက်တော့ အဲဒီလို ဘက်လိုက်ရေးနေတာတွေဟာ အလကားဖြစ်ကုန်တော့ တာပေါ့။ ကျွန်တော့်အမြင်ကတော့ ပညာရှင်ဆိုတာ ဘက်မလိုက်သင့်ဘူး။ မှန်တဲ့ အတိုင်း မကွယ်မဝှက် ရေးသင့်တယ်၊ ဆွေးနွေး သင့်တယ်လို့ ထင်တယ်။ ကိုယ့် နေရာ ရာထူးအတွက် မမှန်တာကို မှန်ပါတယ်လို့ ပြောနေ၊ ရေးနေတာတွေဟာ သမိုင်းကို သစ္စာဖောက်တာပဲ"

"ဆရာ့ဝေဖန်ရေးကြီးက ပြင်းထန်လှပါလား။ ခေါင်းစဉ်ပြောင်းကြ ရအောင် ဆရာ"

ရှာခိုင်းထားသော သမိုင်းစာအုပ်က မရှိဟု စာကြည့်တိုက် ဝန်ထမ်း တစ်ယောက်က လာပြောသည်။

"မမြမီ လှည်းတန်းစာအုပ်ဆိုင်မှာ ကျွန်တော် သွားရှာထားလိုက် ပါ့မယ်။ ဪ ဒါနဲ့ ကျွန်တော် ကန်တင်းကို သွားစရာ ကိစ္စတစ်ခုရှိနေတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK

ချိန်းထားတာလေးရှိလို့ပါ"

"ဆရာကလည်း ကျွန်မက ဆရာ့ကို ကြည်အေးရဲ့ မမြမို အကြောင်း ပြောပြမလို့ဟာ"

"လက်ဖက်ရည်ဆိုင် ထိုင်ကြမယ်လေ။ အဲဒီမှာ ပြောလည်း ရတာပဲ"

ကျွန်တော်တို့ စာကြည့်တိုက်က ဆင်းလာကြသည်။ ထို့နောက် ကျောင်းဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် လာထိုင်ကြသည်။

"ဆရာ ... ဆရာက ကျွန်မအကြောင်းချည်းမေးတယ်။ ဆရာ့အကြောင်းရော မသိရဘူးလား"

"ကျွန်တော် ခဏနေရင် ပြောမယ်လေ"

"ခုပြောတော့ ဘာဖြစ်မှာလဲဆရာ"

"အချိန်ခဏလေးပေးပါ။ မကြာခင် မမြမို ကျွန်တော့်အကြောင်း သိရပါလိမ့်မယ်။ ခုတော့ မမြမိုအကြောင်း ပြောလေ"

"ဘာကို ပြောရမှာလဲဆရာ"

"ကျွန်တော် တစ်ခုဝေဖန်မယ်နော် စိတ်မဆိုးရဘူး"

"ပြောကြည့်လေ"

"မမြမိုကို သူများတွေက ယောကျ်ားစိတ်ပေါက်နေတယ်လို့ ပြောတာဟုတ်လား"

"ဆရာကရော ဘယ်လိုထင်လို့လဲ"

"ကျွန်တော့်အထင် ပြောရရင် မမြမိုက ယောကျ်ားလေး ရှပ် အင်္ကျီတွေ အမြဲဝတ်တယ်။ စပို့ရှပ်တွေ ဝတ်တယ်။ အပေါ်ပိုင်း ယောကျ်ား ဆန်ပေမယ့် ထဘီကိုတော့ စွဲစွဲမြဲမြဲဝတ်နေတာတွေ့ရတယ်။ သူများတွေ ပြောသလို မဖြစ်နိုင်ဘူး။ ပြီးတော့ ထူးဆန်းတာ တစ်ခုပြောဦးမယ်။ မိန်းကလေး ဆရာမအချင်းချင်း သိပ်တွဲတာ မတွေ့ရဘူး။ ကျွန်တော်နဲ့ လာပြီး လက်ဖက်ရည်ဆိုင်ထိုင်တာတွေ၊ အတူသွားလာတာတွေက နည်းနည်း တစ်မျိုးဖြစ်နေသလားလို့"

"ကျွန်မက မိန်းမတွေနဲ့အတူတူထိုင်ပြီး အတင်းပြောတာ လောက်ကို စိတ်မဝင်စားဘူးဆရာ။ ကျွန်မက ကျွန်မသိချင်တာကို မသိ၊ သိအောင် လုပ်တတ်တဲ့ သူမျိုးပဲ။ ကျွန်မ ဆရာ့ကို စိတ်ဝင်စားတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ အဲဒီစကားကြီးကတော့ ..."

"ဘာဖြစ်လို့လဲဆရာ ... ဆရာ့ရဲ့ ခပ်ကြောင်ကြောင် နေထိုင်တတ်တာ၊ ပြောဆိုတတ်တာကိုပြောတာ"

"ကျွန်တော် နေတာ ကြောင်တယ်တဲ့လား"

"ဟုတ်တယ် ... ဆရာလည်း ဘယ်ဆရာနဲ့မှ သိပ်တွဲတာ မရှိဘူး။ လက်ဖက်ရည်ဆိုင် အထိုင်များတယ်။ ဆိုင်မှာ ထိုင်ရင်လည်း စာအုပ် တစ်အုပ်ကို ဖတ်နေတတ်တယ်။ ဆရာဖတ်တဲ့ စာအုပ်တွေက လူမဖတ်တဲ့ စာအုပ်တွေ"

"ဟာ ဗျာ အဲဒါတော့ လွန်သွားပြီ ... လူမဖတ်တဲ့ စာအုပ်ဆိုတာ"

"ဆောရီး ... ဆရာအများစု မဖတ်တဲ့ စာအုပ်တွေကိုပြောတာ။ ပြီးတော့ ဆရာတွေ လာရမှန်း မသိတဲ့ စာကြည့်တိုက်ဆိုတဲ့နေရာကို လာတယ်။ စာအုပ်တွေ ငှားဖတ်တယ်။ ကျွန်မက အဲဒါကို စိတ်ဝင်စားတာ"

"ကျွန်တော်လည်း အမျိုးသမီးဆရာမတွေထဲမှာ လက်ဖက်ရည် ပေါ့ကျ သောက်တတ်သူ၊ စကားကို ပွင့်ပွင့်လင်းလင်းပြောတတ်သူ၊ ယောကျ်ား တစ် ယောက်နဲ့ အတူသွားလာ ပြောဆိုရတာကို ရှိုးတိုးရှန့်တန့် လုံးဝမဖြစ်သူ၊ စာဖတ်ပြီး အတွေးအခေါ်ရှိသူလို့ ယူဆထားလို့ မမြမှီကို စိတ်ဝင်စားတာပါ"

"ဆရာနဲ့ အတူသွားနေတာ၊ ဒီလိုလက်ဖက်ရည်ဆိုင် အတူ ထိုင်တာနဲ့ ပတ်သက်ပြီးတော့ ကျွန်မကို အဆောင်နေ သူငယ်ချင်းတွေက ဝေဖန်ကြသေး တယ်"

"ဘယ်လိုများလဲ"

"နင်တို့ ကြိုက်နေကြတာလားတဲ့"

"ဟာဗျာ"

"ကျွန်မကလည်း ပြန်ပြောလိုက်ပါတယ် ... အဲဒီလူမှာ ကြိုက်စရာ ဘာရှိလို့လဲလို့"

"ဟား ... ဟား ... ဟား ... အဲဒီအဖြေကိုတော့ သဘောကျသဗျာ။ ကျွန်တော့်မှာ ဘာမှမရှိတာတော့ အမှန်ပဲ"

"ကြောင်တောင်တောင်နိုင်တာတော့ ရှိပါတယ်"

"ကဲ မမြမှီအကြောင်း ပြောတော့မလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ကြည်အေးရဲ့ မမြမှိုလား"

"ဟုတ်တယ်လေ ... ကျွန်တော် မသိသေးတဲ့ ကြည်အေးရဲ့ မမြမှို အကြောင်း"

"ကျွန်မ တက္ကသိုလ်စာကြည့်တိုက်က သူငယ်ချင်းတစ်ယောက် ဆီမှာ အကူအညီတောင်းထားတယ်။ သူက မိတ္တူဆွဲပေးထားမယ်တဲ့။ ကျွန်မ ဆရာ့ကို ပေးမယ်လေ"

ထိုစဉ် ကလေးတစ်ယောက် ပြေးလာပြီး

"ဖေဖေ" ဟု ခေါ်ကာ ကျွန်တော့်ကို ဖက်လိုက်သည်။

ကျွန်တော်က သူ့ကို ပြန်ဖက်လိုက်ပြီး

"သားရောက်လာပြီလား" ဟု မေးလိုက်သည်။

မမြမှိုက အံ့အားသင့်ကာ ကျွန်တော့်ကို ကြည့်နေသည်။

ကလေးနောက်က အမျိုးသားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက် လိုက်လာသည်။ ကျွန်တော်က

"ထိုင်ကြလေ" ဟု သူတို့ကို ပြောလိုက်သည်။

သားဖြစ်သူကို ဘေးနားရှိခုံတွင် ထိုင်ခိုင်းလိုက်ပြီး

"သား ဘာသောက်မလဲ ... ဘာစားမလဲ" ဟု မေးလိုက်သည်။

"သား စားခဲ့ပြီးပြီ ဖေဖေ"

"ဩော် ... မမြမှိုကို မိတ်ဆက်ပေးရဦးမယ် ... ဒါက ကျွန်တော့် သားလေးပါ။ ဒါ မင်းထွန်းနဲ့ ခင်မာရီတဲ့။ မင်းတို့ ဘာစားကြမလဲ မှာလေ"

"မစားတော့ဘူးအစ်ကို ... ကျွန်တော်တို့ သားကိုလာပြန်ပို့တာ။ သားကလည်း မနေချင်တော့ဘူးတဲ့"

မင်းထွန်းက ပြောလိုက်ခြင်း ဖြစ်သည်။

"ကျွန်မတို့ပြန်တော့မယ် ... သား အရမ်းမဆော့ရဘူးနော် ... ဩော် ဒါနဲ့ မေမေဝယ်ပေးထားတဲ့ အရုပ်ရော"

"ဟာ ကားပေါ်မှာ ကျန်ခဲ့ပြီ"

"ကိုမင်းထွန်း သွားယူပေးလိုက်ပါ"

"သားလိုက်ယူမယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

ကလေးက မင်းထွန်းနောက် ပြေးလိုက်သွားသည်။ ကျွန်တော်က မမြမှိုကို ထပ်ပြီး မိတ်ဆက်ပေးလိုက်သည်။

“မမြမှို ... ဒါ ကလေးရဲ့အမေပါ။ ကျွန်တော့် ဇနီးဟောင်းပေါ့”

မမြမှိုက ပါးစပ်လေးအဟောင်းသား ဖြစ်သွားသည်။

“ကျွန်မသွားတော့မယ်။ သားကို ဂရုစိုက်ပါနော်”

“မင်းပြောဖို့ မလိုပါဘူးကွယ်”

ခင်မာရီကထွက်သွားသည်။ ကားထဲက အရုပ်ကို ယူပေးပြီး သူ့မိခင်ဖြစ်သူက သားကိုစကားတွေ ပြောရင်း ဖက်နမ်းလိုက်သည်။ ထို့နောက် သားက ကျွန်တော့်ထံ ပြန်ပြေးလာသည်။

“သားမပြေးနဲ့လေ”

နောက်က အော်သံကို ကြားလိုက်ရသည်။

အဖြစ်အပျက်တွေ အားလုံးကို မမြမှိုက မျက်လုံးလေးပြူးကာ ကြည့်နေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

# (၅)

# အတိတ်

မမြမိုက သူ့ရှေ့ရှိ လက်ဖက်ရည်ခွက်ထဲတွင် ကျနေသော ယင်ကောင်တစ်ကောင်ကို လက်ညှိုးလေးနှင့်ကော်ကာ ဖယ်လိုက်သည်။

ကျွန်တော်က သားကို မေးလိုက်သည်။

"သား တစ်ခုခုစားလေ"

"ပေါင်မုန့်ကြက်ဥကြော် စားလို့ရမလား"

"ရတာပေါ့ကွ"

ကျွန်တော်က သူ့အတွက် မှာပေးလိုက်သည်။ မမြမိုက လက်ဖက်ရည်တစ်ငုံကို သောက်ပြီး

"ကျွန်မ အံ့သြနေတာ ဆရာ"

"ဘာကိုလဲဗျ"

"အို မပြောတော့ပါဘူးလေ ... ကလေးရှေ့မှာ"

ထိုစဉ် မှာထားသော ကြက်ဥပေါင်မုန့်ကြော် ရောက်လာသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ဇွန်းနှင့်ဖွဲ့ကာ ပူသေးသောကြောင့် ပါးစပ်နှင့်မှုတ်ပြီး သားကို တစ်ဇွန်း ခွံ့ပေးလိုက်သည်ကို မမြမိုက ကြည့်ပြီး ပြုံးနေသည်။ ထို့နောက် သားကို သူက မေးလိုက်သည်။

"သားနာမည် ဘယ်လိုခေါ်သလဲကွ"

"အောင်ကျော်ဦး"

"ဘယ်နှတန်းရောက်ပြီလဲ"

"နှစ်တန်း"

"သားက အသွက်လေးပဲ"

ကျွန်တော်က သားကို မုန့်ခွံ့နေရင်း

"မမြမို ကျွန်တော် ညနေသင်တန်းတွေ မတက်တော့ဘူး။ မနက်ဖြန် သင်တန်းပိတ်ရက်ဆိုတော့ စနေ၊ တနင်္ဂနွေနှစ်ရက် သားကို ပဲခူးပြန်ပို့ရင်း အိမ်ပြန် လိုက်ဦးမယ်"

"တနင်္လာနေ့မှ ပြန်လာမှာလားဆရာ"

"မဟုတ်ဘူး တနင်္ဂနွေနေ့ ညနေလောက် ပြန်ရောက်မယ်။ ပဲခူး လက်ဆောင် ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး။ ဆရာ ကျွန်မ သွားလိုက်ဦးမယ်"

"ထားခဲ့ ဆရာမ ... ကျွန်တော် ရှင်းလိုက်ပါ့မယ်"

မမြမိုကသင်တန်းအဆောင်များဘက်ကိုထွက်သွားသည်။ကျွန်တော်က သားကို မုန့်ကျွေးပြီး အဆောင်ကို ခေါ်သွားသည်။ ထို့နောက် ရေမိုးချိုးပြီး သားအဘနှစ်ယောက် ဘူတာကြီးကိုဆင်းခဲ့ကြသည်။ နေ့လယ် ၁ နာရီ စာပို့ ရထားဖြင့် ပဲခူးကို ပြန်ခဲ့ကြသည်။

တနင်္ဂနွေနေ့ နေ့လယ် ၂ နာရီလောက်တွင် ကျွန်တော် ပဲခူးက ပြန်လာ သည်။

အဆောင်ကိုပြန်ရောက်ပြီးနောက် အိပ်နေစဉ် ညနေ ၄ နာရီ ထိုး လောက်တွင်

"ဆရာ ကိုတင်မောင် ဧည့်သည်" ဟု တစ်ဦးက တံခါးကို လာပုတ်ပြီး ပြောသဖြင့် အိပ်ချင်မူးတူးနှင့် ထလာပြီး အောက်ထပ်ဧည့်ခန်းကို လာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ မမြမို"

"ဆရာပြန်ရောက်လာပြီဆိုတာ သူငယ်ချင်းတစ်ယောက်က ပြောလို့"

"ဘယ်ကတွေ့လာတာလဲ"

"ဆရာ့ကို လှည်းတန်းမှာ တွေ့လာတာ"

"ဪ ကျွန်တော် သွားတိုက်ဆေးကုန်နေလို့ ဝင်ဝယ်တာ"

"အိပ်နေတာလား"

"ဟုတ်တယ်"

"ဆောရီးနော်"

"ကိစ္စအထွေအထူးရှိသလား မမြမို"

"ဆရာ့ကို ကြည်အေးရဲ့ မမြမိုအကြောင်း မိတ္တူကူးထားတာ လာပေးတာ"

"ဪ ခဏလေး"

ကျွန်တော်က အဆောင်ပေါ် ပြန်တက်လာသည်။ ထို့နောက် ပဲခူးက မမြမိုအတွက် ဝယ်လာသော ငါးချဉ်ထုပ်တွေကို ကြွပ်ကြွပ်အိတ်ထဲထည့်ကာ ပြန်လာသည်။

"ဘာတွေလဲဆရာ"

"ပဲခူးလက်ဆောင်ပေါ့"

ကျွန်တော်က သူ့ကို ငါးချဉ်ထုပ်ပေးသည်။ သူက ကျွန်တော့်ကို မိတ္တူကူးထားသော စာရွက်တွေပေးသည်။

"များလှချည်လား"

"ဝတ္ထုက သိပ်မထူပါဘူး။ ကျန်တာတွေက နှစ် ၄၀ စစ်ပွဲနဲ့ ပတ်သက်ပြီး ကျွန်မ ရှာထားတာတွေပါ ဆရာဖတ်နိုင်အောင်လို့။ ဒီတစ်ပတ်ထဲမှာ ကျူတိုရီရယ် ရှိတယ်လေ"

"ဒါနဲ့ မမြမို ဒီကပြန်ရင် အဆောင်ကို ပြန်မှာလား"

"ဟုတ်ကဲ့ဆရာ"

"အဆောင်ထမင်းဟင်း ပြန်စားမလို့လား"

"ဆရာပေးတဲ့ ငါးချဉ်နဲ့ စားမယ်လေ"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော်တို့ရေစင်အောက်က လက်ဖက်သုပ်ဆိုင်ကို သွားကြမလား"

"သွားလေဆရာ"

ကျွန်တော်တို့နှစ်ယောက် ဝန်ထမ်းအိမ်ရာဘက် စားနေကျ လက်ဖက်သုပ်ဆိုင်လေးကို လာခဲ့ကြသည်။

"ကျွန်မတော့ မစားတော့ဘူးဆရာ"

"စားပါဗျာ ... ကျွန်တော် ကျွေးပါ့မယ်။ ကျွန်တော် ပဲခူးကအပြန် အိတ်ဖောင်းလာပါတယ်ဗျ"

"အိတ်ဖောင်းရင် စိတ်ပြောင်းတတ်တယ်ဆိုတာ တကယ်ပဲ"

"ဘာကိုပြောတာလဲ"

"အိတ်ဖောင်းတော့ အဆောင်ထမင်းဟင်းကို ပုန်ကန်တာပေါ့"

မှာထားသော လက်ဖက်နှင့် ထမင်းများရောက်လာသဖြင့် ကျွန်တော်တို့ စားကြသည်။

"ဆရာ ... ကျွန်မ အမှန်အတိုင်း ဝန်ခံပါရစေ"

"ဘာများလဲဗျာ"

"ကျွန်မ ဆရာ့ဆီကိုလာတာ ... သောကြာနေ့က သားရယ်၊ ကလေးအမေတစ်ယောက်ရယ်၊ နောက်ပြီးတော့ ကလေးအမေနဲ့ ပါလာတဲ့ လူတစ်ယောက်အကြောင်းရယ်ကို သိချင်လို့ပါ။ ဆရာနဲ့ သူတို့ ဘယ်လို ပတ်သက်နေသလဲ။ ကျွန်မကတော့ ဆရာ့ဇနီးဟောင်းအကြောင်းက ပဟေဠိလိုဖြစ်နေတယ်။ ကျွန်မ အကျင့်ကလည်း သိချင်ပြီဆိုရင် သိကို သိလိုက်ရမှ ဆရာ"

"ဩော် ကျွန်တော့်အကြောင်းကို သိချင်တယ်ဆိုပါတော့"

"ဆရာ့အကြောင်းဆိုတာထက် ဇနီးဟောင်းဆိုတဲ့ အကြောင်း က ပိုပြီး စိတ်ဝင်စားစရာကောင်းမယ်ထင်တယ်"

"ကျွန်တော့် သူ့အကြောင်း သိပ်မပြောချင်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အိမ်ထောင်ပြိုကွဲသွားလို့ပဲ။ အိမ်ထောင် ပြိုကွဲပြီး ကျွန်တော်က သူ့အကြောင်းကိုပြောတယ်ဆိုရင် တစ်ဖက်သတ် မတရားပြောသလို ဖြစ်မယ်။ ဒါကြောင့် ကျွန်တော် သူ့အကြောင်း မပြောချင်ဘူး"

"ဒါဆို သူနဲ့ပါလာတာက"

mgyoe.com

mgyoe.com
SAMPLE BOOK

"အဲဒါ သူ့နောက်ယောကျ်ားပေါ့ ... မင်းထွန်းတဲ့"

"ကျွန်မအမြင်မှာ အဲဒါ ဆန်းနေတာပဲဆရာ။ ဆရာတို့ ပုံစံက နိုင်ငံခြားရုပ်ရှင်တွေထဲမှာပဲ တွေ့ရလေ့ရှိတဲ့ ဇာတ်လမ်းထဲကလို ဖြစ်နေတယ်"

"ဇာတ်လမ်း ... ဟုတ်တယ် ... ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ ခင်မာရီနဲ့ ကျွန်တော် ကျောင်းဆရာ မဖြစ်မီကတည်းက အိမ်ထောင်ကျတယ်။ နောက် ကျွန်တော် ကျောင်းဆရာဖြစ်တယ်။ နယ်ဝေးတစ်နေရာမှာ တာဝန်သွားထမ်းဆောင်ရတယ်။ သားလေးတစ်ယောက်ရလာတယ်။ လင်မယားချင်း တစ်ယောက်နဲ့ တစ်ယောက် စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွဲကြတယ်။ ကွဲတဲ့အခါမှာ ကျွန်တော်တို့ ကတိစကား ရှိတဲ့အတိုင်း စတင်ကွဲဖို့ တောင်းဆိုတဲ့သူဟာ သားကို စွန့်လွှတ်ရမယ်လေ။ ကျွန်တော် သားတစ်ယောက်နဲ့ ကျန်ခဲ့တယ်"

"ဒါဆို ဆရာ့ဇနီးက ဆရာ့ကို ခွဲခွာဖို့ စတင်တောင်းဆိုတာပေါ့"

"ဟုတ်တယ်။ ကျွန်တော်တို့ အိမ်ထောင်သက် စုစုပေါင်း ၈ နှစ်လောက်ပဲကြာလိုက်တယ်။ သားကို ကျွန်တော်က ခေါ်ထားလိုက်ပေမယ့် ကျွန်တော် တာဝန်ကျတဲ့ ရွာကို မခေါ်သွားနိုင်ဘူး။ နယ်မြေက အရမ်းဆိုးတယ်။ ကလေး ကျန်းမာရေးအတွက် သူ့ကို ကျွန်တော့်မိဘတွေနဲ့ ထားခဲ့ရတယ်။ သားကို သူ့အဘိုး၊ အဘွားနဲ့ အဒေါ်က လိုလေသေးမရှိ စောင့်ရှောက်ကြပါတယ်"

"သားကို သူ့အမေနဲ့ ပေးတွေ့တယ်လား"

"ကွာရှင်းတုန်းက စာချုပ်ထဲမှာ တစ်လတစ်ကြိမ် ပေးတွေ့ပါ့မယ်ဆိုတာပါတယ်။ တစ်ညအိပ်ပဲ ခေါ်တွေ့ခွင့်ရှိတယ် ဆိုပါတော့။ မင်းထွန်းကတော့ သူ့နောက်ယောကျ်ားပါ။ ကျွန်တော်လည်း သားနဲ့ ပတ်သက်ပြီး တစ်လတစ်ကြိမ်လောက် သူတို့နဲ့ မဖြစ်မနေ ပတ်သက် နေရတယ်ပေါ့"

"ဆရာ့အကြောင်းက တကယ့်ဝတ္ထုဇာတ်လမ်းအတိုင်းပဲ"

"သားကို အသက် ၁၈ နှစ်ပြည့်တဲ့အထိ သူ့အမေနဲ့ တစ်လ တစ်ကြိမ် တွေ့ခွင့်ပေးထားတယ်။ တကယ်လို့ သူက မတွေ့ချင်ဘူးဆိုရင် မတွေ့ရဘူး။ ပြီးတော့ ရှိသေးတယ်။ သား အသက် ၁၈ နှစ်ပြည့်တဲ့ အချိန်မှာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတယ်"

"ဘာများလဲဆရာ"

mgyoe.com

mgyoe.com SAMPLE BOOK

"သူကြိုက်တဲ့သူဆီမှာ နေခွင့်ရှိတယ်"

"ဘာကြီးလဲဆရာ"

"သား ၁၈ နှစ်ပြည့်တဲ့နေ့ သူ့အမေနဲ့ နေချင်တယ်ဆိုရင် သွားနေ။ ကျွန်တော်နဲ့ နေချင်တယ်ဆိုလည်း နေပေ့ါ။ အဲဒီအချိန်ကျရင် သားသဘော ဖြစ်သွားပြီ"

"သားက ဘယ်သူ့ဆီမှာ ပိုပျော်သလဲဆရာ"

"သူ့အမေနောက်ယူထားတဲ့ယောကျ်ားကသဘော်သားပဲဗျာ။ ကျောင်းဆရာထက်တော့ အစစအရာရာ သာပါတယ်။ တိုက်နဲ့၊ ကားနဲ့ပေါ့။ ဟိုနေ့က တွေ့တယ်မဟုတ်လား။ ခင်မာရီဝတ်လာတဲ့ ရွှေတွေ။ ကျောင်း ဆရာလက်ထဲမှာ ရွှေမပြောနဲ့ ကော်လက်ကောက်တောင် မဝတ်နိုင်ခဲ့ပါဘူး။ ပေးနိုင်၊ ကျွေးနိုင်၊ အလိုလိုက်နိုင်တဲ့သူတွေရဲ့ လက်ထဲမှာ ကလေးက ပိုပျော်မှာပေါ့။ ဒါပေမဲ့ ကျွန်တော်ကတော့ သားကို ပေးနိုင်တာ မေတ္တာပဲ ရှိပါတယ်"

"ဆရာရယ်"


mgyoe.com

mgyoe.com
SAMPLE BOOK

(၆)

# အကြြင်နှင့်တွေ့ဆုံခြင်း

ကျူတိုရီရယ်ဖြေပြီး အခန်းထဲက ထွက်လာသော ကျွန်တော့်ကို

"ဘယ့်နှယ် ဆရာကြီး ဘယ်လောက်တောင် ရှိုးနေလို့ နောက်ဆုံးမှ ထွက်လာရသလဲ" ဟု မမြမှိုက ပြုံးစစနှင့် လာမေးသည်။

"ဩော် မမြမှို မပြန်သေးဘူးလား"

"မပြန်သေးဘူး...ဆရာ့ကိုစောင့်နေတာ။ကန်တင်းထိုင်ကြရအောင်လေ"

"ထိုင်လေ"

ကျွန်တော်နှင့် မမြမှို စားသောက်ဆိုင်တန်းကို ရောက်လာကြသည်။

"မမမှို ... ဒီမှာ အကြြင်တို့"

စားပွဲခုံတစ်လုံးတွင် ထိုင်နေသော ဆရာမတစ်စုက မမြမှိုကို ခေါ်လိုက်ခြင်း ဖြစ်သည်။

"သွားလေ မမြမှို ... ကျွန်တော် ဟိုဘက်မှာ သွားထိုင်ပါ့မယ်"

ကျွန်တော်က လွတ်နေသည့် ခုံတစ်လုံးတွင် သွားထိုင်ပြီး လက်ဖက်ရည်

mgyoe.com

mgyoe.com
SAMPLE BOOK

တစ်ခွက်မှာလိုက်သည်။

ခဏအကြာတွင် မမြမှိုနှင့်အတူ ဆရာမလေးတစ်ယောက် ကျွန်တော် ထိုင်နေသည့် စားပွဲခုံကို ရောက်လာပြီး

"ဆရာ ... ဒါ ကျွန်မနဲ့ အခန်းဖော်လေ။ မကြင်မွှေးတဲ့"

"ဪ ဟုတ်ကဲ့ ... ထိုင်ကြလေဗျာ။ တစ်ခုခု စားပါလား"

"ကျွန်မတို့က စားပြီးပြီ ... မမမှိုကိုစောင့်နေတာ"

"ငါက ဘာမှ မစားရသေးဘူးဟ"

"မမြမှိုမှာလေ ဘာစားမလဲ"

မမြမှိုက စားပွဲထိုးကို ခေါ်လိုက်ပြီး အကြော်သုပ်နှင့် ထမင်းဖြူ တစ်ပွဲ မှာလိုက်သည်။

"အကြင် ... ဒါက ဆရာကိုတင်မောင်တဲ့။ ဆရာ မကြင်မွှေးက သိပ္ပံတွဲ ကပေါ့။ သူနဲ့ ကျွန်မက မော်လမြိုင် ဆရာအတတ်သင်ကတည်းက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေလေ"

မကြင်မွှေးမှာ တရုတ်အနွယ်ဖြစ်ဟန်တူသည်။ နှာခေါင်းလေး ပိပြားကာ မျက်နှာဝိုင်းဝိုင်းလေးနှင့် အလွန်ချောသည်။ မျက်လုံးလေး တွေက ဝိုင်းပြီး အရောင် တောက်နေသည်။

"ဘယ်လိုလဲ ဆရာကြီး အကြင့်ကို ကြည့်လှချည်လား ... စိတ်ဝင်စား နေပြီလား"

"ဟာမမြမှိုကလည်းပြောလိုက်ရင်တဲ့တိုးကြီးပဲ၊ တစ်ဖက်ကိုအားနာစရာ"

"မမမှိုက ဒီလိုပဲဆရာ။ အဆောင်မှာလည်း သူ့ထင်တာ မြင်တာကို စွတ်ပြောတတ်လို့ ဘယ်သူနဲ့မှ မတည့်ဘူး"

"ဘယ်သူနဲ့ တည့်တည့်၊ မတည့်တည့် ငါ့အကြင်လေးနဲ့ငါကတော့ တည့်နေဖို့လိုတယ်နော်"

"အင်း ဆရာမအကြင်လည်း မမြမှိုကို အတော်လေး သည်းခံရမယ် ထင်တယ်"

"ရိုးနေပြီဆရာ။ သူ့ကြောင့် မျက်ရည်ကျရတာတွေ မနည်းတော့ဘူး။ ဒါပေမဲ့ မမမှိုက သဘောကောင်းပါတယ် ဆရာ။ အကြောင်းမသိရင်သာ"


mgyoe.com

mgyoe.com SAMPLE BOOK

"အကြင် ... စကားကောင်းမနေနဲ့။ ဟိုမှာ နင့်သူငယ်ချင်းတွေ စောင့်နေတယ်။ နှုတ်ခမ်းစူနေပြီ"

"သွားတော့မယ် ... ဆရာ သွားမယ်နော်။ နောက်လည်း အကြင့်ကို မမမှိုလိုပဲ ခေါ်နိုင် ပြောနိုင်ပါတယ်"

"သိပ်မဆွယ်နဲ့ အကြင် ... တော်ကြာနင့်ကို ရည်းစားစကား ပြောလာလိမ့်မယ်"

"ဟာ ... မမြမှိုကတော့ဗျာ"

"အကြင်သွားတော့မယ်"

ဆရာမ မကြင်မွှေးက ကလေးတစ်ယောက်ပမာ ပြေးထွက်သွားသည်။

မမြမှိုက မှာထားသည့် အသုပ်နှင့် ထမင်းကိုစားရင်း

"ဆရာလည်း တစ်ခုခုစားလေ"

"တော်ပါပြီ ... လက်ဖက်ရည်ပဲသောက်တော့မယ်"

"ဒီနေ့ ဆရာ့ကိုကြည့်နေတာ အတော်လေး တက်ကြွနေတာပဲ။ ကျူတိုရီရယ်မှာ ခေါင်းတောင် မဖော်ဘူးနော်"

"ကိုယ်ကြိုက်တဲ့ ခေါင်းစဉ်ဖြစ်နေတာပဲ မမြမှို"

"အေးနော် နှစ် ၄၀ စစ်ပွဲအကြောင်း မေးမယ်ဆိုပြီးတော့ မေးလိုက်တာကလည်း ဘယ်လိုခေါင်းစဉ်ကြီးမှန်းလဲ မသိဘူး"

"မေးခွန်းက ကောင်းပါတယ် မမြမှို"

"အနှစ်လေးဆယ်စစ်ပွဲသည် လူမျိုးရေးအရဖြစ်သောစစ်ပွဲလော၊ ပဒေသရာဇ် ခေါင်းဆောင်အချင်းချင်း အာဏာလုသော စစ်ပွဲလောတဲ့။ အနှစ်လေးဆယ်စစ်ပွဲအကြောင်းကို ကလေးတွေ စာကျက်သလို ကျက်လာကြတဲ့ သူတွေတော့ အော်သွားကြတာပဲဆရာ"

"ကျွန်တော်ပြောသားပဲ။ မေးခွန်းအောက်ထားပြီးပြီ ဆိုကတည်းက သာမန်မေးခွန်းမျိုး မထုတ်ပါဘူးဆိုတာ။ အမှန်တော့ ပါမောက္ခက ကျွန်တော်တို့ကို ခေါင်းခေါက်စားတာ။ ကျွန်တော်တို့ ဖြေဆိုချက်တွေအပေါ်မှာ သူက သုံးသပ်ပြီး စာအုပ်တစ်အုပ်တောင် ထုတ်ချင်ထုတ်နေမှာ"

"ဆရာ ဘာတွေဖြေခဲ့သလဲဟင်။ ဆရာရော ဘယ်လိုထင်သလဲ။ အနှစ်


mgyoe.com

mgyoe.com SAMPLE BOOK

လေးဆယ်စစ်ပွဲဟာ မွန်မြန်မာ လူမျိုးရေး စစ်ပွဲလား၊ ပဒေသရာဇ် အချင်းချင်း အာဏာလုတဲ့စစ်လား"

"ကျွန်တော်တို့ နိုင်ငံမှာ ဟိုအရင်ကတည်းက ကရင်၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းဆိုပြီး အဓိကတိုင်းရင်းသား လူမျိုးတွေဟာ လူမျိုးတွေ ကွဲပြားနေပေမယ့် လူမျိုးရေးခွဲခြားမှုတွေ မရှိခဲ့ပါဘူး။ ဒါကလည်း လူမျိုးစုတစ်စုနဲ့ တစ်စု အပြန်အလှန် ကူးလူးဆက်ဆံနေကြတာတွေ ရှိနေတာကိုကြည့်ပြီး ပြောတာပါ။ တကယ်တော့ ပဒေသရာဇ် ခေါင်းဆောင်တွေကသာ သူတို့ပတ်ဝန်းကျင် ဒေသတွေကို သိမ်းပိုက်ပြီး ခေါင်းဆောင်တွေလုပ်၊ အုပ်ချုပ်ပြီး ပဒေသရာဇ် အချင်းချင်း အာဏာတွေ ပြိုင်ခဲ့ကြတာပဲ"

"ဆရာက ဘာကိုကြည့်ပြီး ပြောတာလဲ"

"တိုင်းရင်းသား လူမျိုးတွေ စည်းလုံးညီညွတ်မှုရှိတယ်ဆိုတာ ကိုယ့်နိုင်ငံ ကျူးကျော်လာတဲ့သူတွေကို တညီတညွတ်တည်း တွန်းလှန်တော်လှန် တိုက်ခိုက်ကြတယ်ဆိုတာကို ကြည့်ပြီးပြောတာ။ အဲဒီ အချိန်တွေကတည်းက တရုတ်၊ ယိုးဒယား၊ ဥရောပတိုက်သားတွေ ကျူးကျော်မှုကို တိုင်းရင်းသား ခေါင်းဆောင်တွေ အားလုံးက တော်လှန် တိုက်ခိုက်ခဲ့ကြတာပဲ"

"မွန်မြန်မာ စစ်ပွဲတွေကတော့ လူမျိုးရေးပဲဆရာ။ မမှန်းရင် ဘာဖြစ်လို့ ဒီလောက်တောင်ကြာမှာလဲ"

"အင်းဝကေရာဇ်နိုင်ငံ ပျက်သုဉ်းလုဖြစ်ချိန်မှာ အင်းဝနဲ့ ဟံသာဝတီ စစ်ပွဲတွေကို လေ့လာကြည့်ပါဆရာမ။ တကယ်လေ့လာကြည့်ရင် ဟံသာဝတီဆိုတာ ရာမညတိုင်း မွန်တို့ဒေသပဲ။ ဒါပေမဲ့ ပဒေသရာဇ် ခေါင်းဆောင်တွေကို ကြည့်လိုက်ရင် မြန်မာမင်းမျိုးမင်းနွယ်တွေဖြစ်နေတာ တွေ့ရလိမ့်မယ်။ ဒါကြောင့် ကျွန်တော်က ဒီစစ်ပွဲတွေဟာ လူမျိုးရေး အရဖြစ်တဲ့စစ်ပွဲ မဟုတ်ဘူးလို့ ပြောတာ။ ပဒေသရာဇ်အချင်းချင်း အာဏာလုတဲ့ စစ်ပွဲတွေလို့ပြောတာ"

"ဆရာ အဲဒီအတိုင်း ဖြေခဲ့တာပေါ့"

"အမှန်ပဲ၊ ကျွန်တော်ကတော့ ကျွန်တော် ယုံကြည်တဲ့အတိုင်း ရေးခဲ့တာပဲ"

"ဆရာနဲ့ ကျွန်မကတော့ ဆန့်ကျင်ဘက်ဖြစ်နေပြီ"

"ဘယ်လိုဖြစ်တာလဲ မမြမို"

mgyoe.com

mgyoe.com
SAMPLE BOOK

"ကျွန်မကတော့ မွန် မြန်မာစစ်ပွဲလို့ ခေါင်းစဉ်တပ်ပြီးတော့ကိုရေးခဲ့တာ"

"အင်းပါလေ ကိုယ်ကြိုက်တာ ကိုယ်ရေးခွင့် ရှိတာပဲ။ အမှတ်ကို ပါမောက္ခက ဆုံးဖြတ်မှာဆိုတော့ သူ့သဘော သူ့အကြိုက်လည်း ဖြစ်ဦးမှပေါ့"

"ဆရာနဲ့ ကျွန်မ လောင်းကြေးတစ်ခုလောက် လုပ်ရအောင်"

"နေပါဦး မမြမှို ... ကျွန်တော် သတိထားမိတယ်။ မမြမှိုက ဘာဖြစ်ဖြစ် အလောင်းအစားလေး တစ်ခုခုလောက် လုပ်လိုက်ရမှ ကျေနပ်ပုံပေါ်တယ်။ ဖဲတွေ ဘာတွေများ ရိုက်တတ်သလား"

"ကောင်းကောင်း ရိုက်တတ်တာပေါ့"

"ဟာ အဲဒါတော့ ကျွန်တော်နဲ့ မတူတော့ဘူး။ ကျွန်တော်ကတော့ ဖဲဆိုရင် သုံးချပ်လောက်ကလွဲပြီး ဘာမှနားမလည်ဘူး"

"ကျွန်မကတော့ ဖဲ၊ ဘောလုံး အားလုံးကို ဝါသနာပါတယ်"

"ကျွန်တော်ကတော့ ဘောလုံးပွဲကို မကြည့်ဘူးဗျ"

"ဟာ ဘယ်လို ယောကျ်ားလဲ၊ ဘောလုံးပွဲ မကြည့်ဘူးဆိုတာ"

"မခံစားတတ်ဘူး"

"နေဦး .. လောင်းကြေးကို ပြောရအောင်"

"ဘာများလဲ"

"နောက်အပတ်ထဲမှာ ကျူတိုရီရယ် ရမှတ်တွေ ထွက်လာရင်၊ အမှတ် အနည်းဆုံးလူက အမှတ်များတဲ့လူကို မြို့ထဲမှာ ဒံပေါက်လိုက် ကျွေးရမယ်။ ဘယ်လိုလဲ"

"ကျွန်တော်က အလောင်းအစား ဝါသနာမပါဘူး မမြမှို"

"ဘာဖြစ်လို့လဲ ဆရာ"

"ဘာလောင်းလောင်း ရှုံးတတ်လို့ပါ"

"ဆရာက ပိုင်ပိုင်နိုင်နိုင်ဖြေခဲ့တယ်ဆိုရင် ကျွန်မထက် အမှတ်များမှာပေါ့"

"ဒါပေမဲ့ အမှတ်ပေးတဲ့ဒိုင်ကလည်း အဓိကကျနေတယ်လေ"

"ဒါကြောင့်ပြောတာ ... ရှုံးတဲ့သူက ဒံပေါက်ကျွေးကြေးလေ လောင်း မလား"

"ကောင်းပြီလေ ... ကျွန်တော် လက်ခံတယ်။ ဘာဖြစ်လို့လဲ သိလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာဖြစ်လို့လဲဆရာ"

"မမြမိုကစိန်ခေါ်လို့၊ ခုစားထားတာကို ကျွန်တော် ရှင်းလိုက် မယ်လေ"

"နိုး ပါဆရာ ... ကိုယ်စားတာ ကိုယ်ရှင်းပါ။ ဆရာ့လက်ဖက်ရည်ဖိုး ဆရာရှင်း၊ ကျွန်မစားထားတာ ကျွန်မ ရှင်းမယ်။ အမေရိကန်စစ်စတမ်ပေါ့။ ကျွန်မက မြန်မာတွေဓလေ့ကို သိပ်မကြိုက်ဘူး။ စားသောက်ပြီးရင် လုရှင်းကြတာကို ပြောတာပါ။ ခုဟာက ဘာလောင်းကြေးမှမရှိဘူး။ ဒါကြောင့် ဆရာ သောက်တဲ့ လက်ဖက်ရည်ဖိုး ဆရာရှင်းသွား"

ကျွန်တော်က ကျွန်တော့်လက်ဖက်ရည်ဖိုးကို စားပွဲပေါ်တင် လိုက်သည်။

"ဒီလိုမှပေါ့။ ဘယ်လောက်ကောင်းထားသလဲ။ အားနာစရာ၊ ကျေးဇူး တင်စရာ ဘာမှမလိုဘူး။ ရှင်းမယ်ဟေ့"

စားပွဲထိုးကရောက်လာသည်။

"ဘယ်လောက်ကျသလဲ"

"စောစောက ဆရာမတစ်ယောက်က ရှင်းသွားတယ်"

"ဟာ တရုတ်မလေးလား"

"ဟုတ်တယ် ... ဆရာမနဲ့တွဲနေတဲ့ တရုတ်မလေး"

ကျွန်တော်က

"သွားရအောင်" ဟုပြောပြီး ဆိုင်ထဲကထွက်လိုက်သည်။

"ဆရာ ... ဆရာ့ပိုက်ဆံကို ပြန်မပေးတော့ဘူး။ ကျွန်မ ယူသွားမယ်။ အကြွေ့ကို ပြန်ပေးမလို့"

"ယူသွားလေ ရပါတယ်။ ဒါပေမဲ့ သူက ရှင်းသွားတာကို ပြန်ပေးလို့ ကောင်းပါ့မလား"

"ကျွန်မက အကြွေ့စိတ်ဓာတ်ကို သိပ်မကြိုက်ဘူး။ လူတစ်ဖက်သား အပေါ်မှာ အလွန်အားနာ လိုက်လျောချင်တာ။ အဲဒါကို မကြိုက်လို့ ခဏ ခဏ ပြောနေရတယ်"

"မကောင်းတာမှ မဟုတ်တာပဲဗျာ"

"ဆရာ မသိပါဘူး"


mgyoe.com

mgyoe.com SAMPLE BOOK

(၇)

# အောင်သွယ်တော်

ကျွန်တော် အဆောင်ပြန်ရောက်ပြီး ရေချိုးသည်။ ကျွန်တော့် အခန်းဖော် ကိုသိန်းဟန်က ကျွန်တော့်ကို ထမင်းစားရန် စောင့်နေသည်။ ကျွန်တော်က ပဲခူးမှအပြန် ငါးပိကြော်တွေ ပါလာသဖြင့် သူ့ကိုစောင့်ခိုင်းထားသည်။

ကျွန်တော်တို့နှစ်ယောက် ထမင်းစားပြီးနောက် သထုံလမ်းအတိုင်း လမ်းလျှောက်ထွက်ခဲ့ကြသည်။

"ကိုတင်မောင် ခင်ဗျားကို တစ်ခုလောက်မေးရဦးမယ်"

"မေးလေ"

"ခင်ဗျားနဲ့ မမြမှီနဲ့က ဘာတွေလဲ"

"ဘာကြောင့် မေးတာလဲ"

"မမြမှီကို ကရင်ပြည်နယ်က သင်တန်းလာတက်တဲ့ ဆရာလေး တစ်ယောက်က စိတ်ဝင်စားလို့တဲ့။ အဲဒါခင်ဗျားနဲ့ တွဲနေတော့ သူက လိုက်ရ ခက်နေလို့တဲ့ ကျွန်တော့်ကို လာပြောတာ။ အဲဒါနဲ့ ကျွန်တော်က မေးကြည့်

mgyoe.com

mgyoe.com SAMPLE BOOK

ပေးမယ်ဆိုပြီး မေးကြည့်တာပါ"

"ဘယ်သူလဲဗျ"

"ကိုခင်မောင်သန်းလေ သိတယ်မဟုတ်လား"

"သိတာပေါ့။ ပြောလိုက်ပါဗျာ ကျွန်တော်တို့က ဘာမှမဟုတ် ပါဘူးလို့။ ဒီလိုပဲ သူငယ်ချင်းလို သွားလာနေကြတာပါ"

"ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်က သူငယ်ချင်းတဲ့လား။ ခင်ဗျားတို့က နည်းနည်းများ လွန်နေသလားလို့"

"ဘာတွေများ လွန်နေလို့လဲဗျာ"

"စားအတူ ... သွားအတူတွေ များနေသလားလို့ပါ"

"အေးဗျာ ဒီလိုပါပဲ ... ကျွန်တော်ကလည်း သူ့ကို ညီမလေးတစ်ယောက်လို ခင်တာပါ။ တကယ်ပြောတာ။ သူကလည်း ကျွန်တော့်ကို မရိုးမသားမရှိပါဘူး"

"ဒါဆို ခင်မောင်သန်းကို ပြောလိုက်မယ်နော် ... ခင်ဗျားတို့ ဘာမှ မဟုတ်ပါဘူးဆိုတာ"

"ပြောလိုက်လေ"

"တကယ်လို့ ခင်မောင်သန်းနဲ့ မမြမှိုကို မိတ်ဆက်ပေးဖို့ အကူအညီ တောင်းရင် မိတ်ဆက်ပေးမှာလား"

"မိတ်ဆက်ပေးမှာပေါ့ ... ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ"

"ဒါဆို ကျွန်တော် ပြောလိုက်မယ်နော်"

"ပြောလိုက်လေ"

နောက်တစ်နေ့တွင် ကျွန်တော်က ထုံးစံအတိုင်း အဆောင်မှ စောစော ထွက်ပြီး ကန်တင်းတွင် လာထိုင်သည်။ ကျွန်တော့်ထက် စောသူ တစ်ယောက်က ဦးစွာရောက်နေသည်။ သူက ကျွန်တော့်ကို လက်ပြပြီး ခေါ်နေသည်။

"မမြမှို အစောကြီး ရောက်နေပါလား"

"အဆောင်ထမင်း မစားချင်လို့ ဒီမှာ ထမင်းကြော်လာစားနေတာ။ ဆရာ တစ်ခုခုစားလေ"

"ထမင်းစားခဲ့တယ်။ လက်ဖက်ရည်ပဲ သောက်တော့မယ်"

"ဆရာ ... ကျွန်မပေးတဲ့ မမြမှိုဝတ္ထုကို ဖတ်ပြီးပြီလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဖတ်ပြီးပြီ"

"ဘယ်လိုသဘောရသလဲဆရာ"

"ကျွန်တော်တော့ မကြိုက်ဘူးဗျ"

"ဘာကို မကြိုက်တာလဲ"

"ကြည်အေးဝတ္ထုထဲက မမြမှိုက တခြားဇာတ်ကောင်တွေလို မဟုတ်ဘူး။ ပျော့ညံ့လွန်းတယ်။ ဝတ္ထုထဲက ဇာတ်ကောင် မမြမှိုက မိဘတွေအတွက် အလိမ္မာလေးဖြစ်အောင် နေခဲ့ရတယ်၊ နောက်တော့ လင်အတွက် အလိမ္မာဖြစ်ခဲ့ရတယ်။ နောက်ပြီး သားအတွက်၊ မြေးအတွက် အလိမ္မာတုံးလေးဖြစ်အောင် နေရတယ်ဆိုတာ ကြည်အေးရဲ့ ဇာတ်ကောင်တွေနဲ့ တခြားစီပဲ။ ဒီဇာတ်လမ်းထဲမှာတော့ ပျော့ညံ့လွန်းတယ်လို့ ထင်တယ်။ နေပါဦး မမြမှိုကို မေးစမ်းပါရစေ။ အပြင်က မမြမှိုလည်း ဇာတ်လမ်းထဲက မမြမှိုအတိုင်းပဲလား"

"နိုးပါဆရာ။ ကျွန်မ အမေက ကျွန်မကို ကြည်အေးရဲ့ မမြမှိုလို အလိမ္မာလေး ဖြစ်စေချင်လို့ မမြမှိုလို့ ပေးခဲ့တာတဲ့။ ကျွန်မ မမြမှိုဝတ္ထုကို စဖတ်ဖူးတာ ၈ တန်းလောက်မှာပေါ့။ မေမေက ဖတ်ခိုင်းတာ။ အဲဒီတုန်းကတော့ မိဘစကားနားထောင်တဲ့ သမီးအလိမ္မာလေးဖြစ်ရမယ်ဆိုတဲ့ စိတ်ကူးမျိုးတော့ ဝင်မိသား။ ဒါပေမဲ့ နောက်ပိုင်း ၁၀ တန်းအောင်ပြီး ချိန်လောက်မှာ အဲဒီဝတ္ထုကို တစ်ခါဖတ်မိတယ်။ ကျွန်မ စိတ်ကူးတွေ ပြောင်းသွားတယ်။ ဘာဖြစ်လို့ လိမ္မာရမှာလဲပေါ့။ ဇာတ်လမ်းထဲကလို ကာတွန်းဆရာလေးနဲ့ လက်ထပ်ကြည့်ဖို့ စိတ်ကူးယဉ်မိတယ်။ အဲဒီ ကာတွန်းဆရာနဲ့သာ မမြမှို လက်ထပ်လိုက်ရင် ဘာဖြစ်သွားမယ်ထင်သလဲ။ ကဲ ဆရာ ပြောကြည့်ပါဦး။ ဇာတ်လမ်းထဲကလို မမြမှိုဟာ ကာတွန်း ဆရာလေးနဲ့ လက်ထပ်လိုက်ရင် ဘာဖြစ်သွားမယ်ထင်သလဲ"

"စိတ်ချမ်းသာရမှာပေါ့"

"ထင်သလားဆရာ။ ဆရာ ဟိုသီချင်းလေ တူနှစ်ကိုယ် တဲအိုပျက်မှာနေရ၊ ရွှေဘုံပေါ်မှာစံရ၊ ချစ်တာသာ ပဓာနဆိုတာကို လက်ခံသလား"

"ကျွန်တော် လက်မခံဘူး"

"ဘာကြောင့်လဲဆရာ"

"အိမ်ထောင်တစ်ခု ပြုလိုက်ပြီဆိုရင် ချစ်တာတစ်ခုတည်း မပြီးဘူးမမြမှို။

mgyoe.com

mgyoe.com SAMPLE BOOK

ထမင်းရည်လည်း အတူတူ ဘယ်နှရက်သောက်နိုင်မှာလဲ။ တဲအိုပျက်ထဲမှာ ချစ်နေရုံနဲ့ ပြီးမှာလား။ အိမ်ထောင်တစ်ခုအတွက် အရေးကြီးတာ စီးပွားရေး မမြမှို။ အိမ်ထောင်တစ်ခုကို ထူထောင်ပြီ ဆိုကတည်းက အနာဂတ်ကို ရင်ဆိုင် ရတော့မှာ။ ကိုယ့်နှစ်ယောက်တည်းအတွက်မဟုတ်တော့ဘူး။ မွေးလာမယ့် သားသမီးတွေအတွက်ပါ ထည့်တွက်ရတော့မှာ"

"ဟုတ်လိုက်တာ ... ဆရာနဲ့ ကျွန်မ အတွေးအခေါ်ချင်းတူတယ်။ တဲအို ပျက်မှာ ချစ်တာတစ်ခုတည်းနဲ့ အတူတူမနေနိုင်ဘူး။ မနေသင့်ဘူး။ ဘဝအတွက် အာမခံချက်မရှိဘူးထင်ရင် အိမ်ထောင်ရေးဆိုတာကို စဉ်းစားဖို့မသင့်ဘူး။ ဒါနဲ့ ဆရာ စောစောကပြောတာတွေဟာ ကိုယ်တွေ့လား"

"ကျောင်းဆရာဘဝနဲ့ အိမ်ထောင်ကျခဲ့တယ် မမြမှို။ အဆင် မပြေဘူးဗျ။ အတော်လေး ဒုက္ခတွေ၊ အခက်အခဲတွေ ရင်ဆိုင်ခဲ့ရတယ်။ ဇာတ်လမ်းထဲက မမြမှိုက ဘဝအတွက် အိမ်ထောင်ပြုသွားတာ။ သူ့ဘဝအတွက် အကောင်းဆုံး ရွေးချယ်သွားတာ။ သူ့ဘဝကို ကာတွန်းဆရာလေး ရင်ခွင်ထဲ မခိုဝင်လိုက်တာဟာ မှန်တယ်လို့ ပြောရမယ်။ ကာတွန်းဆရာလေးနဲ့ လက်တွဲလိုက်ရင် ဆရာမ ကြည်အေးတို့ခေတ်က ငတ်ဖို့များတယ်။ ဒီလိုပါပဲ ကျောင်းဆရာဆိုတဲ့ ဘဝထဲကို တော်ရုံခွဲနဲ့ ဝင်လာဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး"

"ဆရာတို့ အိမ်ထောင်ကွဲရတဲ့အကြောင်းက ..."

"ကျွန်တော့် ဇနီးဟောင်းက ရည်ရွယ်ချက် အလွန်ကြီးတာ။ သူက ချမ်းသာချင်တာ။ ကျောင်းဆရာနဲ့ကျတော့ သူ့ဘဝက ထင်သလို ဖြစ်မလာနိုင် ပါဘူး"

"ဆရာတို့နှစ်ယောက် ဘာဖြစ်လို့ လမ်းခွဲလိုက်ကြတာလဲဟင်"

"ဒီအကြောင်းတွေ မပြောပါရစေနဲ့မမြမှို။ ကျွန်တော်မေ့ထားတဲ့ အတိတ်ပါ။ ဟိုမှာ ကျွန်တော့် အခန်းဖော် ကိုသိန်းဟန် ... လာ ကိုသိန်းဟန်"

ကိုသိန်းဟန်နှင့်အတူ ခင်မောင်သန်းက ပါလာသည်။

"ထိုင်ကြလေ ... လက်ဖက်ရည်သောက်မလား"

"သောက်မယ်လေ"

သူတို့နှစ်ယောက် ထိုင်လိုက်ကြသည်။ ကျွန်တော်က

mgyoe.com

mgyoe.com SAMPLE BOOK

"မမြမှီ ဒါက ကျွန်တော့်အခန်းဖော် ကိုသိန်းဟန်တဲ့။ သူက တောင်ငူက"

"ကျွန်မ ဆရာ့ကို သိတယ်။ ကျွန်မတို့ တစ်နယ်တည်းသားတွေပဲ"

"ဟောဒါက ကရင်ပြည်နယ်က ဆရာ ကိုခင်မောင်သန်း"

"သူ့ကိုလည်း မြင်ဖူးတယ်။ ကိုခင်မောင်သန်းက မော်လမြိုင် ဆရာ အတတ်သင်တန်းဆင်း မဟုတ်လား"

"ဟုတ်တယ်"

သူတို့ လက်ဖက်ရည်သောက်ပြီးချိန်လောက်တွင် ကျွန်တော်က

"မမြမှီ ကျွန်တော် တစ်ခုပြောစရာရှိတယ်"

"ဘာများလဲဆရာ"

"ကိုခင်မောင်သန်းက မမြမှီကို စိတ်ဝင်စားလို့တဲ့"

ဆရာခင်မောင်သန်းက

"ဟာဗျာ ဆရာကလည်း အဲဒီလောက်ကြီးတော့ ပေါ်တင်ပြောတာ မသင့်ဘူးထင်ပါတယ်"

မမြမှီက ပြုံးလိုက်ပြီး

"အဲဒီစကားကို ဆရာကဘာဖြစ်လို့ သူ့ကိုယ်စား ပြောပေးရတာလဲ ဆရာ" ဟု မေးလိုက်သည်။

"သြော်သူကမမြမှီနဲ့ကျွန်တော်ကိုသံသယဖြစ်နေတာ။ကျွန်တော်တို့က ဘာမှမဟုတ်ဘူးဆိုတာ သူ့ကိုသိစေချင်တယ်။ သူက စကားစရတာ ခက်နေမယ် ထင်လို့ ကျွန်တော်က ဝင်ပြောပေးတာ"

"ဒီခေတ်ကြီးထဲမှာ မိန်းမတစ်ယောက်ကို ယောကျ်ားတစ် ယောက်က စိတ်ဝင်စားတယ်ဆိုတာ အဆန်းတော့ မဟုတ်ပါဘူး။ စိတ်ဝင်စားလို့ရတာပေါ့။ ဒါပေမဲ့ ကျွန်မကလည်း ပွင့်ပွင့်လင်းလင်းပဲ ကြိုက်တယ်။ ဒါကြောင့် ဆရာ ကိုခင်မောင်သန်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ။ ကျွန်မ ဆရာ့ကို စိတ်မဝင် စားပါဘူး။ ဆရာ့ကိုမှ မဟုတ်ပါဘူး။ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး။ ကျွန်မနဲ့ ဆရာကိုတင်မောင်တို့ အတူတူ သွားလာနေတယ် ဆိုတာကလည်း ကြိုက်လို့မဟုတ်ဘူး။နောက်ပြီး ဆရာကိုတင်မောင်ကို တစ်ခါတည်း ပြောပါရစေ။ နောက်ကို ဒီလိုအောင်သွယ်မှုမျိုးတွေ ဘယ်တော့မှ မလုပ်ပါနဲ့ဆရာ။ ဆရာ့ကို

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ အထင်ကြီးထားတာတွေ အလကားဖြစ်ကုန်ပြီ။ ကျွန်မ သွားမယ်။ ကျွန်မ စားထား သောက်ထားတာတွေ ကျွန်မရှင်းသွားမယ်"

မမြမှီက ပြောပြောဆိုဆိုနှင့် ထသွားသည်။

ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ကျန်ခဲ့ကြသည်။

ကျွန်တော်တို့ သင်တန်းအခန်းကို ရောက်သောအခါ သင်တန်းက စနေပြီ။ မမြမှီက နောက်ဆုံးခုံတန်းတွင် တစ်ယောက်တည်း ထိုင်နေသည်။ ကျွန်တော်က မမြမှီဘေးတွင် ဝင်ထိုင်လိုက်သည်။

ဆရာဦးမျိုးတင့်က ပညာရေးဆိုင်ရာ Statistics ဘာသာရပ်ကို ပို့ချသည်။ ဆရာ၏သင်ကြားမှုကို စိတ်ဝင်စားသဖြင့် လိုက်နားထောင် နေမိသည်။ မမြမှီကလည်း ကျွန်တော့်ကိုလှည့်မကြည့်။ ဆရာ့သင်ကြား ပို့ချမှုကို နားထောင် နေသည်။

အချိန်ကုန်သွားသောအခါ ဆရာက ထွက်သွားသည်။ ကျွန်တော် က မမြမှီကို

"မမြမှီ ကျွန်တော့်ကို စိတ်ဆိုးသွားလား" ဟု မေးလိုက်သည်။

မမြမှီက

"ဆရာ့ကို ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ။ တစ်ယောက်နဲ့ တစ် ယောက် စိတ်ဆိုး စိတ်ကောက်ရအောင် သမီးရည်းစားတွေလား"

"ကျွန်တော် တောင်းပန်ပါတယ်"

"ဘာကိုလဲ"

"စောစောက လက်ဖက်ရည်ဆိုင်က ကိစ္စကိုပါ"

"ကျွန်မစိတ်ထဲမှာ ဘာမှမရှိတော့ဘူး"

"ကျွန်တော့်ကို စောစောက စိတ်ဆိုးသွားတယ်ဆိုတာတော့ သေချာ ပါတယ်။ ကျွန်တော်ကလည်း ကိုခင်မောင်သန်းက အကူအညီ တောင်းလို့ ပြောမိ တာပါ"

ထိုစဉ် မကြင်မွေးက ရောက်လာသည်။

"ဆရာ့ကို သမိုင်းပါမောက္ခက တွေ့ချင်လို့တဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာဖြစ်လို့လဲ"

"ကျွန်မလည်း မပြောတတ်ဘူး။ သူ့ဆီကိုသွားတော့ ပဲရှူးသားကို တွေ့ချင်လို့ ငါ့ဆီကိုလွှတ်လိုက်ပါလို့ ပြောလိုက်တယ်။ ကျွန်မအထင် ကျူတိုရီရယ် တုန်းက ဆရာဖြေထားတဲ့ အဖြေနဲ့ပတ်သက်မယ် ထင်တယ်"

ထိုစဉ် နည်းပြဆရာမတစ်ဦးက အခန်းထဲကို ဝင်လာပြီး ကျူတို ရီရယ် ဖြေထားသည့် အဖြေလွှာတွေကို လာပေးသွားသည်။

မမြမိုးက ရှေ့ဆုံးတန်းတွင်ထပ်ထားသည့် အဖြေလွှာတွေကို သွား ယူလာသည်။ ထို့နောက် ကျွန်တော်ထိုင်နေသည့် နေရာကိုရောက်လာပြီး

"ကိုင်း ဆရာကြီး ဒ်ပေါက်စားဖို့သာ ပြင်ထားပေတော့" ဟု ဆိုကာ အဖြေလွှာစာရွက်ကို ကျွန်တော့်ရှေ့သို့ ချပေးလိုက်သည်။

ကျွန်တော် ဖြေထားသည့် အဖြေလွှာတွင် ရမှတ်က 4+ ဖြစ် နေသည်။ မမြမိုးက

"ကျွန်မ ဒီတစ်ခါတော့ ရှုံးသွားပြီ။ ဆရာ့ကို လေးစားပါတယ်။ ဂုဏ်လည်း ယူပါတယ်"

"ကျွန်တော့် ဘဝမှာ ရဖူးတဲ့ အများဆုံးအမှတ်ပါ မမြမိုး။ ဂုဏ်ယူ စရာတော့ မဟုတ်ပါဘူး။ ကျွန်တော်ရေးထားတာတွေကို သေသေချာချာ ဖတ်ပေးတဲ့ဆရာတွေ ရှိနေတယ်ဆိုတာ သိရလို့ ဝမ်းသာတာပါ"

"ကိုင်း ပါမောက္ခကတော့ ဆရာ့ကို ခေါ်ပြီးတော့ လက်ချာပေးဦး မယ်ထင်တယ်။ ဒါမှမဟုတ် ဂုဏ်ပြုမလို့လား မသိဘူး။ ဆရာသွားတွေ့ လိုက်ပါဦး"

"ကျွန်တော် သွားမတွေ့ပါဘူး"

"ဘာဖြစ်လို့လဲ"

"မတွေ့ချင်လို့ပါ"

mgyoe.com

mgyoe.com SAMPLE BOOK

(၈)

# ဆုံရပ်

စနေနေ့ သင်တန်းပိတ်သည်။

ကျွန်တော်က မမြမှိုနှင့်ချိန်းထားသည့်အတိုင်း စိုက်ပျိုးရေးမှတ်တိုင်တွင် စောင့်နေသည်။

မမြမှိုနှင့် မကြင်မွှေးတို့နှစ်ယောက် ထီးလေးတစ်ချောင်းကို အတူတူ ဆောင်းကာ အမျိုးသမီးဆောင်ဘက်က လမ်းလျှောက်လာသည်။

"ဆရာ ရောက်နေတာကြာပြီလား"

"မကြာသေးပါဘူး"

"ချိန်းထားတာ ၁၀ နာရီပါနော်။ ခု ၁၀ နာရီထိုးဖို့ ၅ မိနစ် တောင် လိုသေးတယ်။ ကျွန်မ အချိန်တိကျပါတယ်"

"ဟုတ်ပါတယ်"

ကျွန်တော်တို့ ရန်ကုန်ဘက်ကိုသွားမည့် ကားလမ်းဘက်ကို ကူးလိုက် ကြသည်။ ကားစောင့်နေစဉ် ကျွန်တော်က

mgyoe.com

mgyoe.com SAMPLE BOOK

"မကြင်မွေးကိုရော သူက ဒံပေါက်ကျွေးမယ်တဲ့လား"

"အကြင်က တရုတ်တန်းကိုသွားမှာ ...သူ့အစ်ကိုတွေဆီကို ကျောင်းပိတ်ရက်တိုင်း သွားနေကျလေ"

"အကြင် ဒီမှာ မမြမှီက ကျွန်တော့်ကို ဒံပေါက်ကျွေးမယ်ဆိုပြီး ခေါ်ထားတာဗျ။ လိုက်ခဲ့ရောပေါ့"

"မလိုက်ပါဘူး။ သူက ဆရာ့ကိုပဲခေါ်တာ။ အကြင့်ကို ခေါ်တာမှ မဟုတ်တာ"

မမြမှီက နှုတ်ခမ်းကို ကိုက်လိုက်ပြီး

"အကြင် ဘာစကားပြောတာလဲ။ နင့်ကို ငါညကတည်းက လိုက်ခဲ့လို့ ပြောတယ်လေ"

"အလကား စတာပါ။ အကြင်က ဆရာတို့နှစ်ယောက်ကြားမှာ ကန့်လန့်ကြီး ဖြစ်နေပါ့မယ်။ မရှုပ်ချင်ပါဘူး"

"ကျွန်တော်တို့နှစ်ယောက်က ဘာမှမဟုတ်ပါဘူး အကြင်ရယ်။ သူ့ ဒံပေါက်ကျွေးမယ်ဆိုလို့ လိုက်စားတာပါ။ ပြီးတော့ ကျွန်တော်ကလည်း စာအုပ်လေးဘာလေး ဝယ်ချင်လို့ပါ"

"ဟဲ့ အကြင် ... သူက နင့်ကို အရှက်ပြေပြောနေတာ။ သူနဲ့ငါ ဒံပေါက်လည်းစားမယ်။ ရုပ်ရှင်လည်းကြည့်မယ်။ ကဲ ဘာဖြစ်သေးလဲ။ အဆောင် ပြန်ရောက်ရင် နင်သတင်းဖြန့်လိုက်ဦး ... ဟုတ်ပြီလား"

ထိုစဉ် ဘတ်စ်ကားရောက်လာသဖြင့် ကျွန်တော်တို့ ကားပေါ်ကို တက်လိုက်ကြသည်။ အကြင်က လမ်းမတော် တရုတ်တန်းတွင် ဆင်းသွားသည်။ ကျွန်တော်တို့နှစ်ယောက်က သိမ်ကြီးဈေးမှတ်တိုင်တွင် ဆင်းကြသည်။

"မမြမှီ ... ကျွန်တော့်ကိုမနေ့ကပြောတဲ့အထဲမှာ ရုပ်ရှင်ကြည့်မှာ မပါဘူးနော်"

"သက်သက် ရွဲ့ပြောလိုက်တာ။ မထူးပါဘူး။ ယောကျ်ား တစ်ယောက်နဲ့ ရုပ်ရှင်အတူတူမကြည့်ဖူးသေးဘူး။အဲဒီအတွေ့အကြုံကို လိုချင်နေတာနဲ့အတော်ပဲ။ ကျွန်မတို့ ရုပ်ရှင်လည်း ကြည့်ကြတာပေါ့။ ဘာဖြစ်လဲ"

ကျွန်တော်က ဇွတ်တရွတ်နိုင်လှသော သူ့ကိုမတုံ့ပြန်တော့။ မဂိုလမ်းတွင်

mgyoe.com

mgyoe.com
SAMPLE BOOK

ဒံပေါက်အတူစားကြသည်။ ထို့နောက် ရုပ်ရှင်ကြည့်ရန် နေပြည်တော် ရုပ်ရှင်ရုံဘက်ကို ထွက်လာကြသည်။ စောသေးသဖြင့် လက်ဖက်ရည်ဆိုင် ဝင်လိုက်ကြသေးသည်။

နေပြည်တော်ရုံတွင် ပြနေသော ရုပ်ရှင်က ဂျပန်ကားဖြစ်သည်။ ဒုတိယအကြိမ် ရုံပြန်တင်ခြင်းဖြစ်သည်။ ကျွန်တော်က ထိုကားကို ကြည့်ပြီးသားဖြစ်သည်။ The Rendezvous ဆိုသည့် ပိုစတာကို မမြမှီက ကြည့်ပြီး

"ဆရာ ... အဲဒီဇာတ်ကားကို ဘယ်လိုအသံထွက်သလဲဟင်"

"ရောင်းဒဗူးလို့ ထွက်တယ်"

"ဘာအဓိပ္ပာယ်လဲဟင်"

"ချိန်းတွေ့ခြင်းဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဆုံရပ်လို့ပြောရင်လည်း ရတယ်"

"အချစ်ကားလား"

"ဟုတ်တယ်"

"တိုက်ဆိုင်လိုက်တာနော် ... ကျွန်မတို့နှစ်ယောက် ချိန်းတွေ့ကြတဲ့နေရာပေါ့"

"ချိန်းတာက ဒံပေါက်စားဖို့ပါ။ မထင်မှတ်ပဲ ရုပ်ရှင်ကြည့် ဖြစ်သွားတာ"

ထိုစဉ်တွင် မင်းထွန်းနှင့် ခင်မာရီတို့ နှစ်ယောက်ကလည်း ရုပ်ရှင်ရုံဘက်ကို လျှောက်လာကြသည်။ ကျွန်တော် တို့ကိုတွေ့လိုက်သဖြင့် ခင်မာရီက အံ့အားသင့်သွားသည်။ မင်းထွန်းက

"အစ်ကို ရုပ်ရှင်လာကြည့်တာလား"

"အေး"

ခင်မာရီက

"သူ့ကို ဟိုတစ်နေ့က သားကိုလာပို့တုန်းကလည်း တွေ့တယ်နော်" ဟု မမြမှီကိုကြည့်ပြီး ပြောလိုက်သည်။

ကျွန်တော်က

"ဟုတ်တယ်။ ဒါ ငါ့ သူငယ်ချင်းပဲ" ဟု ပြောလိုက်မိသည်။

"သြော်"

"အစ်ကို ကျွန်တော်တို့ သွားမယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းပြီ"

သူတို့ထွက်သွားသောအခါ မမြမှိုက ပြုံးနေသည်။

"မမြမှို ဆောရီးဗျာ"

"ဘာဖြစ်လို့လဲဆရာ"

"တိုက်တိုက်ဆိုင်ဆိုင် သူတို့နဲ့မှ လာဆုံရတယ်လို့။ ကျွန်တော်က သူငယ်ချင်းတွေလို့ ပြောလိုက်မိတာ ခွင့်လွှတ်နော်"

"ဘာဖြစ်လို့ ချစ်သူတွေလို့ မပြောလိုက်ရတာလဲ။ ကျွန်မအသား ပွဲသွားတာမှ မဟုတ်တာ။ တိုက်ဆိုင်လိုက်တာနော်။ ရောင်ဒဗ္ဗူးဇာတ် ကားကို ချိန်းတွေ့ပြီး လာကြည့်ကြကာမှ ဇနီးဟောင်းနဲ့ တိုက်တိုက် ဆိုင်ဆိုင် လာတွေ့ရတယ်လို့"

"မမြမှို ဘာစားဦးမလဲ"

"တစ်ခုခုပေါ့"

ကျွန်တော် နေကြာစေ့ထုပ်ကို သွားဝယ်လိုက်သည်။ ထို့နောက် နှစ်ယောက်သား ရုံထဲကို ဝင်ခဲ့ကြသည်။ ကားဟောင်းကို ရုံပြန်တင်သဖြင့် လူကတော့ နည်းသည်။ အတွဲတွေသာ လာကြည့်နေကြသည်ကများသည်။

"ဆရာ"

"ဘာလဲမမြမှို"

"ကျွန်မ ယောကျ်ားတစ်ယောက်နဲ့ ရုပ်ရှင်ကြည့်ဖူးတာ ပထမဆုံးပဲ"

"ရင်ခုန်နေသလား"

"မခုန်ပါဘူး ... ခုန်စရာလား"

ကျွန်တော်သူ့ကို စကားပြန်မပြောမိ။ နိုင်ငံတော်အလံနှင့် သီချင်းကို လွှင့်ထုတ်လိုက်သဖြင့် ကျွန်တော်တို့ မတ်တတ်ရပ်လိုက်ကြသည်။

ကျွန်တော်တို့ ရှေ့တန်းက ကောင်မလေး ကောင်လေးနှစ်ယောက်။ ကောင်မလေးက သူ့ကောင်လေး ပခုံးကိုမှီပြီး ရုပ်ရှင်ကြည့်နေသည်။

ရုပ်ရှင် ပြီးခါနီးလောက်တွင် မမြမှိုက ကျွန်တော့် ပခုံးပေါ် ခေါင်းလေး လာမှီသည်။ ကျွန်တော်က သူ့မျက်နှာကို ကြည့်လိုက်သည်။ မျက်စိမှိတ်ထားသည်။ သူအိပ်ပျော်နေတာလား။

ကျွန်တော်က ပခုံးလေးကို အလိုက်သင့်တိုးပေးလိုက်သည်။ အမှန်

mgyoe.com